၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.829, August 28, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## ကင်တားနား မြန်မာနိုင်ငံ လူ့အခွင့်အရေး နောက်ဆုံးအခြေအနေ ဒေါ်စုနှင့် ဆွေးနွေး

**VOA ၊ ဩဂုတ်လ ၂၄ ။** ။ မြန်မာနိုင်ငံကို ၅ ရက်ကြာ ရောက်ရှိနေတဲ့ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် Mr Tomas Ojea Quintana ဟာ ဒီနေ့ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ သီးသန့်တွေ့ဆုံပြီး မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေနဲ့အတူ တရားဥပဒေ စိုးမိုးရေးကိစ္စတွေကို ဆွေးနွေးခဲ့ကြပါတယ်။ ဒ့ါအပြင် မစ္စတာကင်တားနားဟာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ရဲ့ ဗဟိုအလုပ်အမှုဆောင်တွေအပြင် NLD ပါတီရဲ့ ရှေ့နေအဖွဲ့နဲ့ပါ တွေ့ဆုံခဲ့ပြီး မနက်ပိုင်းမှာတော့အင်းစိန် အကျဉ်းထောင်တွင်း သွားရောက်လေ့လာခဲ့ပါတယ်။ မစ္စတာ ကင်တားနားရဲ့ ဒီကနေ့ တွေ့ဆုံ ဆွေးနွေးမှုတွေအကြောင်း အပြည့်အစုံကို မသင်းသီရိက တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံကို ရောက်နေတာ ၄ ရက်မြောက်ဖြစ်တဲ့ မစ္စတာကင်တားနား ဒီကနေ့ဩဂုတ်လ ၂၄ ရက် ဗုဒ္ဓဟူးနေ့ နေ့လယ် ၃ နာရီက ရန်ကုန်မှာရှိတဲ့မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်မှာ ၁ နာရီနီးပါးကြာမစ္စတာကင်တားနားနဲ့ဒေါ်အောင်ဆန်းစုကြည်တို့ ၂ ဦးတည်း သီးသန့်တွေ့ဆုံပါတယ်။ အဲဒီ တွေ့ဆုံမှုတွေ အတွင်းလက်ရှိ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေတွေ၊ တရားဥပဒေ စိုးမိုးရေးကိစ္စတွေ ပြောဆိုခဲ့ပါတယ်။

အဲဒီနောက် NLD ပါတီ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တွေနဲ့ မစ္စတာ ကင်တားနား ထပ်မံတွေ့ဆုံသလို NLD ပါတီရဲ့ ဥပဒေရေးရာအဖွဲ့နဲ့လည်း တွေ့ဆုံဆွေးနွေးမှုတွေရှိပါတယ်လို့ NLD ပါတီရဲ့သတင်းနဲ့ ပြန်ကြားရေး တာဝန်ခံဦးအုန်းကြိုင်က ပြောပါတယ်။

"အဓိကတော့ မြန်မာနိုင်ငံလူ့အခွင့်အရေး ဖြစ်ပေါ်နေတဲ့ နောက်ဆုံးအခြေအနေတွေပါပဲ၊ အဲဒါကို ဆွေးနွေးကြပါတယ်။ အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးစွာဆွေးနွေးပါတယ်၊ ၂ ယောက်တည်းပါ။ နောက်တော့ မစ္စတာကင်တားနားနဲ့ ပါလာတဲ့ အဖွဲ့ဝင် ၄ ယောက်ရော၊ ကျနော်တို့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ၈ ယောက်ရော အားလုံးအတူတကွ ထပ်ပြီး ဆွေးနွေးကြပါတယ်။

"၄ နာရီကနေ ၄ နာရီခွဲလောက်အထိ ဥပဒေအထောက်အကူပြုအဖွဲ့ခေါင်းဆောင်များဖြစ်တဲ့ ဆရာဦးကြည်ဝင်းနဲ့ ဆရာဦးဉာဏ်ဝင်းတို့အပါအဝင်ဥပဒေအဖွဲ့နဲ့လည်း ထပ်ပြီး ခဏတွေ့ပါတယ်။ ဒါပေမဲ့ အဲဒါကတော့ ဆွေးနွေးပွဲကို နောက်ထပ် ထပ်ပြီးတွေ့ကြဖို့ သူတို့ချိန်းပါတယ်။"

၂ နာရီနီးပါးကြာ ဒီတွေ့ဆုံမှုတွေအတွင်း သူနဲ့ မြန်မာအစိုးရခေါင်းဆောင်ပိုင်း တွေ့ဆုံမှုတွေထဲက နိုင်ငံရေးအကျဉ်းသားကိစ္စ အပါအဝင် လူ့အခွင့်အရေးအခြေအနေတွေအတွက် ဘယ်လို အကြံပေးပြောဆိုခဲ့သလဲဆိုတာတွေနဲ့အတူ သူ့ရဲ့ ဒီတခေါက် မြန်မာနိုင်ငံခရီးစဉ်အတွင်းကနေ အကျိုးရလဒ်တွေ ရရှိခဲ့တယ်ဆိုတာကို မစ္စတာကင်တားနားက မှတ်ချက်ပေးပြောဆိုခဲ့ပါတယ်။

"တရားဥပဒေ စိုးမိုးရေးကိစ္စ၊ ဥပဒေတိုးတက်မှုကိစ္စ သူတတ်နိုင်သလောက် အကြံဉာဏ်ပေးနိုင်ခဲ့တယ်၊ သူတတ်နိုင်သလောက် အစိုးရအဖွဲ့ကို တင်ပြဆွေးနွေးနိုင်ခဲ့တယ်လို့ ယုံကြည်ကြောင်း ပြောပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေနဲ့ပတ်သက်လို့လည်း သူ့ဘက်က ဆွေးနွေးသင့်တဲ့ကိစ္စတွေကို ဆွေးနွေးခဲ့တယ်လို့ ပြောသွားပါတယ်။"

NLD ပါတီရဲ့ သတင်းနဲ့ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်

**စာမျက်နှာ ၅ သို့**


| | | | | | |
|---|---|---|---|---|---|
| **နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ရန် ကင်တားနား လွှတ်တော်မှာ တိုက်တွန်း** | **ကုလကိုယ်စားလှယ် အင်းစိန်ထောင်တွင်းရှိ နိုင်ငံရေးအကျဉ်းသားတချို့ နှင့် တွေ့ဆုံ** | **ဒေါ်အောင်ဆန်းစုကြည် နှင့် သမတဦးသိန်းစိန်တွေ့ဆုံမှုအဖွဲ့ ချုပ်ထောက်ခံ** | **ဒေါ်အောင်ဆန်းစုကြည် နှင့် ဦးသိန်းစိန် ခေါင်းစဉ်ကြောင့် ဂျာနယ်တခု သတိပေးခံရ** | **တိုင်းမှူးနှင့်စစ်တပ် အရာရှိ ယာဉ်တန်းကို ဒီကေဘီအေက ခြုံခိုတိုက်ခိုက်** | **ရှမ်းပြည်တပ်မတော် စစ်တပ်စခန်းနှင့် ကျေးရွာငယ်များကို နအဖစစ်တပ်က မီးရှို့** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၆** | **စာမျက်နှာ ၁၀** | **စာမျက်နှာ ၁၄** | **စာမျက်နှာ ၁၆** | **စာမျက်နှာ ၁၉** |

**VOB အာဘော်**

# ခေါင်းရှိသက်သက်ဖြင့် ပြဿနာမပြေလည်နိုင်ပါ

ပြည်ပရောက် ဒီမိုကရေစီအင်အားစုများကို သမတဦးသိန်းစိန်မှ ပြည်တော်ပြန်ကြရန် ပြန်လည်ခေါ်လိုက်သည်။ အပြုသဘောဆောင်၍ မူအားဖြင့် ကြိုဆိုပါသည်။ သို့သော် နှုတ်ဖြင့် အလွတ်သဘောပြောနေရုံနှင့် မပြည့်စုံနိုင်ပေ။ တိကျရေရာသည့် တရားဝင်အမိန့်တွေ ဥပဒေတွေ ထုတ်ပြန်သင့်သည်ဟုယူဆသည်။ နိုင်ငံရေးယုံကြည်ချက်နှင့်ထွက်လာသည့် ဒီမိုကရေစီအင်အားစုများသည် ပြည်တွင်း နိုင်ငံရေးမတည်ငြိမ်မှု ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတွေမရှိမှု၊ နိုင်ငံရေးဖိနှိပ်မှုတွေကြောင့် ထွက်လာသူများဖြစ်၍ အခုလိုသမတကြီးမှ ပြန်လည်ခေါ်ယူလိုပါက ဖော်ပြပါအခြေအနေတွေ ဖန်တီးထားဖို့လိုပါသည်။

ပထမ ဦးစွာသမတကြီးကို အကြံပြုလိုသည်။ အမှန်တကယ် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးကို ဆောင်ရွက်လိုပါက နိုင်ငံ့ကောင်းကျိုးစေတနာမှန်စွာဆောင်ရွက်လိုကြသည့် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးရပါမည်။ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် ရိုးသားပွင့်လင်းစွာ သတ္တိရှိရှိ လူထုအကျိုးစီးပွားအတွက် ဆွေးနွေးစေလိုပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးကို ရည်ရွယ်ပြီး ဖြစ်ပွားနေသော ပြည်တွင်းစစ်များကို ရပ်ဆိုင်းစေလိုပါသည်။ အင်အားစုအားလုံးပါဝင်နိုင်မည့် တွေ့ဆုံဆွေးနွေးရေး စားပွဲဝိုင်းတခုကို ဖန်တီးစေလိုပါသည်။ ယခုလိုအခြေအနေတွေ ဖန်းတီးနိုင်မှသာလျှင် ပြည်ပရောက် ဒီမိုကရေစီရေးလှုပ်ရှားဆောင်ရွက်နေကြသည့် အင်အားစုတွေ ပြန်လာနိုင်မည်အနေအထားဖြစ်ပါလိမ့်မည်။

ခေါင်းရှိသက်သက်ဖြင့် အကျပ်အတည်းဖြစ်နေသော နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ်ပေ၊ ပြည်သူလူထုအကျိုးစီးပွားဖြစ်ထွန်းစေမည့် တိကျရေရာသည့် နိုင်ငံရေးလမ်းစဉ်များ ချမှတ်ဖို့လိုပါသည်။ လွတ်လပ်မှု၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးတွေကိုလိုလားသည့် ပြည်ပရောက်အင်အားစုများသည် ၂၀၀၈ အခြေခံဥပဒေအောက်မှာ ပြန်လာနိုင်မည်မဟုတ်ပါ။ လူထုကောင်းစားရေးအတွက် အားလုံး တန်းတူရည်တူ ပူးပေါင်းဆောင်ရွက်ခွင့်ရှိဖို့လိုပါသည်။ လက်နက်ချသည်သဘော အလင်းဝင်လာသည့်သဘောနှင့် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပြုမည်ဆိုသည့်အချက်ကို မည်သူမျှလက်ခံမည်မဟုတ်ပါ။ ပြည်ပရောက် အင်အားစုများသည် ပြစ်မှုတစုံတရာကြောင့် ထွက်ပြေးလာသည်မဟုတ်၊ ရက်စက်ကြမ်းကြုပ်သည့် စစ်အာဏာရှင်၏ ဖိနှိပ်မှုဒဏ်ကြောင့် လွတ်မြောက်ရာအရပ်ကို ထွက်ခွာလာကြသူများဖြစ်သည်။

ယခုကဲ့သို့ သမတကြီးဦးသိန်းစိန်မှ ပြည်ပရောက်ဒီမိုကရေစီအင်အားစုများကို ပြန်လည်ခေါ်ယူ၍ နိုင်ငံကောင်းကျိုး ပြည်သူလူထုကောင်းကျိုးကို စိတ်အားထက်သန်စွာဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အားလုံးလက်တွဲပူးပေါင်း၍ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကိစ္စတွေကို ဆွေးနွေး ညှိနှိုင်း တိုင်ပင်ကြမည်ဆိုပါက မြေကြီးလက်ခပ်မလွဲ မြန်မာနိုင်ငံသည် တိုးတက်ဖွံ့ဖြိုး စည်ပင်သာယာလာမည်ဟု အလေးအနက်ယုံကြည်သည်။

---

# လွတ်လပ်မှုရှိတဲ့ လူ့အခွင့်အရေးကော်မတီ နိုင်ငံတော်အဆင့် မကြာမီ ဖွဲ့မည်

**DVB ၊ ဩဂုတ် ၂၅ ။** ။ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးကိစ္စတွေနဲ့ ပတ်သက်ပြီး ကြားဝင်ဆောင်ရွက်ပေးနိုင်မယ့် လွတ်လပ်မှုရှိတဲ့ လူ့အခွင့်အရေးကော်မတီကို နိုင်ငံတော်အဆင့်အဖြစ် အစိုးရသစ်က မကြာမီ ဖွဲ့စည်းတော့မယ်လို့သိရပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးစုံစမ်းစစ်ဆေးသူ မစ္စတာကင်တားနားနဲ့ အစိုးရအဖွဲ့ဝင်တွေ တွေ့ဆုံအပြီး ဒီလိုဖွဲ့စည်းတော့မယ့်အကြောင်း သမ္မတဦးသိန်းစိန်ရဲ့ နိုင်ငံရေးအကြံပေးအဖွဲ့ဝင် ဒေါက်တာနေဇင်လတ်ကပြောပါတယ်။

ဒီကော်မတီအတွက် ဖွဲ့စည်းပုံတွေရေးဆွဲနေပြီး မကြာခင် ပေါ်ပေါက်လာမယ်လို့လည်းပြောပါတယ်။

"သမ္မတကြီးက နဂိုကတည်းက ဒါတွေကို ခိုင်းထားပြီးပါပြီ။ ကျနော်တို့ရေးနေကြပါတယ်ခင်ဗျ။ အရင်တုန်းက မရှိဘူးလားဆိုတော့ ရှိခဲ့ပါတယ်။ သေသေချာချာ properly မဟုတ်ဘူးပေါ့ဗျာ။ အခု တခေါက်ကတော့ သေချာ properly organize လုပ်ပြီးတော့ တော်တော်ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်သွားမယ့် အဖွဲ့တခု ထွက်လာ ပါလိမ့်မယ်။"

နအဖ စစ်အစိုးရလက်ထက်တုန်းကလည်း လူ့အခွင့်အရေးကော်မတီတခု ဖွဲ့စည်းခဲ့ဖူးပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဉာဏ်ဝင်းကတော့ အခုဖွဲ့စည်းတော့မယ့် လူ့အခွင့်အရေးကော်မတီအပေါ် သံသယရှိတယ်လို့ပြောပါတယ်။

"လွတ်လပ်တဲ့ အဖွဲ့အစည်းဖြစ်ဖို့ဆိုရင် အစိုးရမပါမှ ဖြစ်မှာ။ အစိုးရ မပါမှ လွတ်လွတ်လပ်လပ် ထုတ်ပြန်နိုင်မယ်။ အစိုးရပါရင် အကန့်အသတ် ရှိနိုင်တယ်။ အရင်တုန်းကဟာနဲ့ အခုထပ်ဖွဲ့မယ်လို့ ပြောနေတဲ့ဟာနဲ့က နည်းနည်းတော့ တိုးတက်တာပေါ့ဗျာ။ သို့သော် တကယ်လွတ်လပ်တဲ့အဖွဲ့အစည်းတော့ ဖြစ်နိုင်ပ့ါမလား လို့တော့ ကျနော်သံသယရှိတယ်။"

ဒေါက်တာနေဇင်လတ်ကတော့ "လူ့သဘာဝအရ နည်းနည်းလေး ဝိဝါဒကွဲပြားတာက လွဲရင်တော့ ၉၀ ကျော် ရာနှုန်းလောက်ကတော့ ကြိုက်ကြမှာပါ"လို့ပြောပါတယ်။

"ပါလာမယ့်အဖွဲ့ဝင်တွေနောက်တခါသီးသီးခြားခြားလွတ်လွတ်လပ်လပ်ရပ်တည်ပြီးတော့အစိုးရကနေပြီးတော့ influence(လွှမ်းမိုးမှု) ဝင်မလုပ်ဘဲနဲ့ သီးသီးခြား ခြားရပ်တည်ပြီးတော့မှ လုပ်နိုင်ကိုင်နိုင်တဲ့ အဖွဲ့အစည်းတခုကို တွေ့ရပါလိမ့်မယ်။"

**စာမျက်နှာ ၁၀ သို့**

# နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ရန် ကင်တားနား လွှတ်တော်မှာ တိုက်တွန်း

**VOA ၊ ဩဂုတ်လ ၂၃ ။** ။ မြန်မာနိုင်ငံမှာ တိုးတက်တဲ့ နိုင်ငံရေးဖြစ်စဉ်တချို့ကို တွေ့ရပေမဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်ကတော့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့လိုနေသေး တယ်လို့ ကုလသမဂ္ဂရဲ့မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ် စားလှယ် Mr. Tomas Ojea Quintana က ပြောလိုက်ပါတယ်။ မစ္စတာကင်တားနားက နေပြည်တော်မှာလွှတ်တော်ကိုယ်စားလှယ်တချို့နဲ့တွေ့ဆုံစဉ်အတွင်း အခုလိုပြောဆိုလိုက်တာဖြစ်သလိုပဲ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နဲ့လည်း တွေ့ဆုံခဲ့တဲ့အပြင်နေပြည်တော်မှာကျင်းပနေတဲ့ပြည်သူ့လွှတ်တော်ကိုလည်းဝင်ရောက်လေ့လာခဲ့ပါတယ်။ အပြည့်အစုံကို မသင်းသီရိက တင်ပြပေးထားပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ်လ ၂၁ ရက်၊ တနင်္ဂနွေနေ့ ကတည်းက မြန်မာနိုင်ငံကိုရောက်နေတဲ့ မစ္စတာကင်တားနားဟာ သူ့ရဲ့ခရီးစဉ် ၃ရက်မြောက်ဖြစ်တဲ့ ဒီကနေ့မနက်မှာတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းနဲ့ နေပြည်တော်မှာ အရင်ဆုံးတွေ့ပါတယ်။ နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနဲ့အတူ အခုနေပြည်တော်မှာရောက်နေတဲ့ လွှတ်တော် ကိုယ်စားလှယ် တချို့နဲ့လည်း တွေ့ဆုံပါတယ်။ ဒီ့နောက်မစ္စတာကင်တားနားဟာ လွှတ်တော်အစည်းအဝေးထဲ ဝင်ရောက်ပြီး လေ့လာခဲ့တယ်လို့ မစ္စတာကင်တားနားရဲ့ ခရီးစဉ်တွင်း အတူလိုက်ပါနေတဲ့ ရန်ကုန်အခြေစိုက် ကုလသမဂ္ဂရုံးရဲ့ပြန်ကြားရေးအရာရှိ ဦးအေးဝင်းက ပြောပါတယ်။

"ကျနော် အတိအကျတော့ မပြောပါရစေနဲ့၊ ဒါပေမဲ့ ဒီနေ့မနက် မစ္စတာကင်တားနားက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနဲ့တွေ့ခဲ့ပါတယ်။ ပြီးတော့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နဲ့လည်းတွေ့တယ်။ ပြီးတော့ တချို့လွှတ်တော်ကိုယ်စားလှယ်တွေနဲ့လည်း တွေ့ခဲ့ပါတယ်။ ပြီးတော့ လွှတ်တော်ထဲဝင်ပြီးတော့ လေ့လာကြည့်ပါတယ်။ လွှတ်တော်မှာ လွှတ်တော်အမတ်တွေ ဆွေးနွေးနေတာ မစ္စတာကင်တားနားကိုယ်တိုင် ကြားခဲ့ရပါတယ်။"

နေ့လယ်ပိုင်းမှာတော့ မစ္စတာကင်တားနားဟာ ရွှေကောက်ပွဲကော်မရှင်ရုံးကိုလည်း သွားခဲ့သလို ပြည်ထဲရေးဝန်ကြီးဌာနမှာ ပြုလုပ်နေတဲ့ လူ့အခွင့်အရေးသင်တန်းအတွင်းမှာ တနာရီနီးပါးကြာ လူ့အခွင့်အရေးသင်တန်း ပို့ချခဲ့ပါတယ်။

"ပြည်ထဲရေးဝန်ကြီးဌာနမှာ လူ့အခွင့်အရေးသင်တန်း ကျင်းပနေတာရှိပါတယ်။ အဲဒီမှာ မစ္စတာကင်တားနားရော၊ နောက် UNICEF က မစ္စတာရာမစ်ရှ်ရော သူတို့သင်တန်းပို့ချခဲ့တာပေါ့။ မစ္စတာ ကင်တားနားရဲ့ လက်ချာအပြီးမှာ ကျနော်တို့ ရန်ကုန်ပြန်မှာပါ။"

ကုလသမဂ္ဂရုံးရဲ့ ပြန်ကြားရေး အရာရှိ ဦးအေးဝင်း ပြောပြခဲ့တာဖြစ်ပါတယ်။

ဒီလိုတွေ့ဆုံမှုတွေအတွင်း တိုးတက်တဲ့ နိုင်ငံရေးအခြေအနေတချို့ကို သူတွေ့ရတာဝမ်းသာပြီးလက်ခံပေမဲ့နိုင်ငံရေးအကျဉ်းသားတွေကို အမြန်လွှတ်ပေးရေးဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အရေးအကြီးဆုံးဖြစ်တယ်လို့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံစဉ်အတွင်းမှာပြောဆိုလိုက်တဲ့အကြောင်းအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်က ပြောပြပါတယ်။

"အပြုသဘော တော်တော်ဆောင်ပါတယ်။ သူကလည်း လွှတ်တော် ၂ ရပ်ကို အောင်အောင်မြင်မြင်နဲ့ အဆင်ပြေပြေကျင်းပနိုင်တာကို ဝမ်းသာတဲ့အကြောင်းတွေလည်းပြောတာပေါ့ဗျာ။ နောက်နိုင်ငံရေးအကျဉ်းသားကိစ္စပြောတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးတာ ကျေးဇူးတင်တဲ့အကြောင်းတွေလည်းပြောတယ်။ ဒီ့ထက်မက ဆွေးနွေးညှိနှိုင်းနေကြတာကိုတွေ့လို့ ဝမ်းသာတဲ့အကြောင်းတွေလည်း သူပြောပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေနဲ့ပတ်သက်လို့လည်း သူက ဆောင်ရွက်ပေးစေချင်တဲ့ သဘောပေါ့ဗျာ။ ကျနော် တို့ဘက်ကလည်း လွှတ်တော်အဆင့်ဆင့်ကို ဆွေးနွေးကြတာရှိပါတယ်။"

နေပြည်တော်က လွှတ်တော်အစည်းအဝေးကို တက်နေတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင် ပြောပြခဲ့တာ ဖြစ်ပါတယ်။

မစ္စတာကင်တားနားနဲ့ အဖွဲ့ဟာ မနက်ဖြန် ဩဂုတ်လ ၂၄ ရက် ဗုဒ္ဓဟူးနေ့မှာတော့ ရန်ကုန်မှာ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီရဲ့ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံမှာဖြစ်ပါတယ်။

ဒါ့အပြင် အင်းစိန် အကျဉ်းထောင်တွင်း သွားရောက်လေ့လာပြီး နိုင်ငံရေးအကျဉ်းသားတချို့နဲ့ တွေ့ဆုံတာ၊ တခြား နိုင်ငံရေးပါတီတွေနဲ့အတူ တိုင်းရင်းသားအဖွဲ့တွေနဲ့ရော တွေ့ဖို့အစီအစဉ်တွေကို အခုအချိန်မှာ ကြိုတင် မပြောပြနိုင်သေးပေမဲ့ မစ္စတာကင်တားနားဟာ လိုအပ်တဲ့ သူအားလုံးနဲ့ စုံစုံလင်လင်တွေ့ဖို့ အစီအစဉ်ရှိတယ်လို့ ကုလသမဂ္ဂရဲ့ပြန်ကြားရေးအရာရှိ ဦးအေးဝင်းက ဗွီအိုအေ မြန်မာပိုင်းကို ပြောပါတယ်။

ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာတောမတ်စ် အိုဟေးကင်တားနားဟာ ဩဂုတ်လ ၂၁ ရက် တနင်္ဂနွေနေ့မနက်က မြန်မာနိုင်ငံကို ရောက်ခဲ့ပြီး တိုက်ရိုက် နေပြည်တော်ကိုသွားခဲ့ရာ အဲဒီနေ့မှာပဲ နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးတွေနဲ့ တွေ့ဆုံပြီး မြန်မာ့အရေးဆွေးနွေးခဲ့ပါတယ်။

တခါမနေ့ဩဂုတ်လ ၂၂ ရက် တနင်္လာနေ့ကလည်းပြည်ထောင်စုတရားသူကြီး၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို အပြင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်နဲ့အတူ ပြည်ထောင်စုကာကွယ်ရေးဝန်ကြီးအပြင် နိုင်ငံတော်အကြံပေးအဖွဲ့ ၃ ဖွဲ့နဲ့လည်း ထပ်မံတွေ့ဆုံပြီး လူ့အခွင့်အရေးအခြေအနေတွေ၊ နိုင်ငံရေးအကျဉ်းသားကိစ္စတွေကို ပြောဆိုဆွေးနွေးခဲ့ပါတယ်။

မစ္စတာကင်တားနားဟာ မြန်မာနိုင်ငံကို ဩဂုတ်လ ၂၁ ရက်နေ့က ရောက်နေတာဖြစ်ပြီး ၂၅ ရက် ကြာသပတေးနေ့အထိ ၅ ရက်ကြာနေထိုင်မယ့် သူ့ခရီးစဉ်အတွင်းမှာ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေတွေကို လေ့လာမှာဖြစ်သလို သူပြန်တဲ့နေ့မှာလည်း ရန်ကုန်လေဆိပ်မှာ သတင်းစာ ရှင်းလင်းပွဲလုပ်ပါမယ်။

ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူး ကိုယ်စား

**စာမျက်နှာ ၇ သို့**

# အားလပ်ရက် (၂)

ဗမာပြည်မှပေးစာ

(၂၀၁၁၊ ဩဂုတ်လ ၂၂ ရက်ထုတ် ဂျပန်နိုင်ငံ မိုင်အိနိချိသတင်းစာပါ ဒေါ်အောင်ဆန်းစုကြည်ရဲ့ Holiday (2) ကို မောင်မောင်လှကြိုင် ဘာသာပြန်ပါသည်။) "မြန်မာပြည်မှစာ"ကဏ္ဍမှ ဆောင်းပါးဖြစ်ပါသည်၊

စိမ်းလန်းစိုပြေတဲ့ ကုန်းမြေရဲ့ အနောက်ဘက် နယ်ခြားတလျှောက် လေးတွဲ့စွာစီးဆင်းနေတဲ့ ဧရာဝတီမြစ်ရဲ့ အံ့မခန်းမြင်ကွင်းကို ပုဂံဟိုတယ်(မြစ်မြင်ကွင်း)က ပကတိဖော်ပြပေးနေပါတယ်။

ကျွန်ုပ်တို့ ပုဂံတွင် လေးရက်နေထိုင်စဉ်မှာ မုတ်သုန်ရာသီတွင်းကောင်းစွာ ချဉ်းနင်းဝင်ရောက်နေသော်လဲ မိုးဖွဲလေး(အမှန်တကယ်ကိုအဖွဲဆုံးလေး) တကြိမ်ပဲ ရွာခဲ့ပါတယ်။ မြို့တော်ဟောင်း အတွက်ကျော်ကြားစေခဲ့တဲ့ ရှုမောဘွယ်ရာ နေဝင်ဆည်းဆာများကို ညနေတိုင်းကျွန်ုပ်တို့ခံစားပျော်ရွှင်ခဲ့ရပါတယ်။

ကျွန်ုပ်တို့ ဘန်ဂလိုရဲ့ဝရံတာကနေ နေဝန်းနီကြီး တော်ဝင်ခြေလှမ်းများဖြင့် လျှော့ကျသွားနေတာကို ကြည့်မြင်ရပါတယ်။ တဘက်မြစ်ကမ်းကိုညှို့မှိုင်းနေစေတဲ့ မရမ်းနုရောင်နဲ့ မဲနယ်ပြာတောင်တန်းများနောက်ကွယ်မှာ လျှိုးဝင်မပျောက်ကွယ်ခင်မှာ ကောင်းကင်ကို အပြောရခက်တဲ့ ဟသ်ာပြဒါးရောင်များနဲ့ လိမ္မော်ရောင်များနဲ့ အဝါရောင်များဖြင့် ရောင်ခြယ်လျက် အံ့ဘွယ်တိမ်ကောက်ကြောင်းများကို အရောင်လင်းလက်စေပါတယ်။ ဒါဟာ ခရီးသွားလက်ကမ်းကြော်ငြာမှခါတ်ပုံကိုအသက်ဝင်စေခဲ့တာပါ။

ပုဂံရဲ့ကြည်နူးဘွယ်အချစ်ဇာတ်ကြောင်းများနဲ့ အံ့မခန်းဘွယ်ရာများကို ပညာရှင်များ၊ အထူးပြုလေ့လာသူများနဲ့ ထသွား ထလာဧည့်သည်များက ရေးသားခဲ့ကြပါတယ်။ ခြုံနွယ်သစ်ပင်များလွှမ်းတဲ့ လွင်ပြင်မှာ အရွယ်အစားစုံ ဘာသာရေးဆိုင်ရာ အဆောက်အအုံများထောင်ပေါင်းများစွာရှိနေပါတယ်။ (ရှေးဟောင်းသုတေသနဌာနက ဗိမ္မာန်အသေးများရဲ့အကြွင်းများ အပါအဝင် ၃ ထောင်ကျော် စာရင်းပြုစုထားပါတယ်။) အကြီးဆုံးမှ အသေးဆုံးအထိ တခုချင်းစီမှာကောင်းကင်ကို ထောင်တက်နေတဲ့ ထိပ်ဦးပိုင်းများ ဆောင်းထားကြပါတယ်။ ဒါဟာ ရုပ်ပိုင်းဆိုင်ရာဖန်တီးမှုဖြစ်ရုံထက် ပိုမိုမြင့်တဲ့အရာတခုကို လွမ်းမောတမ်းတခြင်းရဲ့ ပိသုကာပညာဆိုင်ရာဖော်ပြမှုဖြစ်ပါတယ်။

တိကျတဲ့ပုံတူပွါးကိုရရန် မကြာခဏမခြယ်သတဲ့ပုံမှာ ကျွန်မရဲ့ ပုဂ္ဂလိကစိတ်ခံစားမှုကို အသေးစိတ်မခြယ်မှုန်းပဲ ဆေးရောင် အလင်းအရောင်တောက်ပခြင်းကို ပေါင်းထည့်ပေးနိုင်ပါတယ်။ ညနေဆည်းဆာချိန်မှာ အလားအလာမရှိတဲ့ ရည်ရွယ်ချက် မြို့တော်ကို အတိတ်မှာရော အနာဂတ်မှာမရှိတဲ့ မေးမှိန်တဲ့လောကမှာ အရိပ်များနက်ရှိုင်းစေမှုဖြင့်ပယ်ဖျက်လိုက်ပါတယ်။

အဆောက်အဦးငယ်များစွာတို့ဟာ ပျက်စီးမှုအဆင့်ဆင့်မှာရှိနေပါတယ်။ အမြဲမတည်ရှိခြင်းနဲ့ ဟောင်းနွမ်းဆွေးမြေ့ခြင်းနဲ့ အယူမှားအယုံမှားခြင်း အကျေအမွများရဲ့ သရုပ်ဖော်ချက်များအဖြစ်ရပ်တည်နေပါတယ်။ ဗုဒ္ဓဘာသာဒေသတွင်သာမက တန်ခိုးထွားသူများနဲ့ဝါကြွားလိုသူများ သူတို့ရဲ့အာဏာပိုင်ခြင်းနဲ့ ဂုဏ်ဒြပ်များကို ဖျက်မရနိုင်တဲ့ အမှတ်တံဆိပ်များအဖြစ် ကျန်ရစ်အောင်ကြိုးစားခဲ့ကြတဲ့ ကမ္ဘာမြေကြီးရဲ့ မည်သည့် အစိတ်အပိုင်းမှာမှ မလျော့ကန် တဲ့သခ်န်းစာများကိုလဲလှစ်ပြနေပါတယ်။

ပုဂံဟာပျောက်ကွယ်သွားတဲ့ ဂုဏ်ရောင်၊ ပျောက်ဆုံးသွားတဲ့လူမှုယဉ်ကျေးမှုနဲ့ လူတို့ရဲ့သနားစဘွယ် မာနတရားများကို ဖော်ညွှန်းနှိုးထနေပါတယ်။ အဆုံးမဲ့သဲကန္တာရသဲများတွင် ကြီးမားတဲ့အပိုင်းအစများအဖြစ် လဲလျောင်းနေတဲ့ အိုဇီမဲန်ဒီယားရဲ့ အေးတိအေးစက်နိုင်တဲ့ သရော်လှောင်ပြောင်ချက်ဖြင့် ကောင်းစွာဖော်ပြပေးနေပါတယ်။ "ကျွန်ုပ်ရဲ့အလုပ်များနဲ့ မြော်လင့်ချက်မဲ့ခြင်းများကိုကြည့်ပါ - အိုဘုရားသခင် - "

သူတို့ရဲ့ ထင်ရတဲ့ဘာသာရေးယုံကြည်မှုသက်သေအဖြစ် အုတ်များနဲ့အင်္ဂတေသရွတ်များဖြင့် စေတီပုထိုးများတည်ခဲ့ကြတဲ့ ပုဂံရဲ့ ဘုရင်များ၊ မိဖုယားများ၊ မင်းသားများ၊ နန်းတွင်းသူနန်းတွင်းသား ဘယ်နှစ်ပါးဟာ သံသရာအနှောင်အဖွဲ့က အမှန်တ ကယ်လွတ်မြောက်အောင် ရှေ့ရှုကြပါသလဲ။

တန်ဘိုးကြီးအဆောက်အအုံများ တည်ဆောက်ခြင်းဖြင့် ကမ္ဘာမှာ သူတို့ရဲ့ပစ္စည်းတန်ဘိုး သက်သေပြရုံမျှ ဘယ်နှစ်ယောက် စိတ်ပါဝင်စားခဲ့ပါသလဲ။

အဲဒီအလုပ်တွေဟာ နိဗ္ဗာန်ရောက်ကြောင်းတရားအယူအဆလွှမ်းခြုံမှုမှ သူတို့ရဲ့စိတ်များက ကြောက်ရွံ့ဖယ်ရှောင်နေတာကြောင့် အသက်ရှင်နေတဲ့သံသရာတလျှောက် သူတို့ရဲ့သက်တောင့်သက်သာရှိနေမှုကို အာမခံတဲ့ အာမခံပေါ်လီစီအဖြစ် ဘယ်နှစ်ယောက်ကြည့်မြင်ခဲ့ပါသလဲ။

ပုဂံကိုအုပ်စိုးခဲ့တဲ့မင်းများရဲ့စာရင်းဟာအမှန်တကယ်ရှည်လျားလှပါတယ်။ ဒါပေမင့် မင်းတပါးတည်းကသာ ကျွန်မရဲ့ အာရုံကိုဖမ်းစားခဲ့ပါတယ်။ ကျွန်မကလေးဘဝမှာသမိုင်းစာအုပ်များကကျန်စစ်သားမင်းဟာ မြန်မာနိုင်ငံကို ပထမဆုံးစည်း ရုံးသိမ်းသွင်းခဲ့တဲ့ဘုရင်အဖြစ်မှတ်တမ်းတင်ခဲ့တဲ့ အနော်ရထာမင်းကြီးရဲ့သားတော်တပါးဖြစ်ကြောင်းဖော်ပြခဲ့ကြပါတယ်။ ဒါပေမင့် ပညာရှင်များရဲ့သုတေသနကတော့သူတို့ နှစ်ဦးဟာ သွေးမတော်စပ်ကြောင်းဖော်ပြကြပါတယ်။

ကျန်စစ်သားမင်းဟာ သာမန်ပုဂ္ဂိုလ်တဦးဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဒါပေမင့် ထူးခြားတဲ့ပါရမီရှင်ဖြစ်ပါတယ်။ သူဟာ သတ္တိဗျတ္တိနဲ့ ရဲရင့်သူပါ။ တော်ဝင်တပ်မတော်ရဲ့စစ်သေနာပတိဖြစ်လာကာ ထင်ရှားတဲ့ သူရဲကောင်းတဦးဖြစ်ခဲ့ပါတယ်။

ဘုရင်အိုကြီးက သူ့ကိုအာခံတော်လှန်နိုင်ခြေရှိတဲ့သူလို့ မနာလိုမရှုစိမ့်ဖြစ်တာခံရပုံရပါတယ်။ ဘုရင်အနော်ရထာ နတ်ရွာစံ ပြီးနောက်ပျော့ညံ့အရည်အချင်းမရှိတဲ့ သားတော်က အရိုက်အရာဆက်ခံခဲ့ပါတယ်။ သူ့ရဲ့သက်တမ်းဟာ အလွန်တိုတောင်းလှပါတယ်။ အနော်ရထာရဲ့အရိုက်အရာခံဘို့ ကျန်စစ်သားမင်းသားရဲ့ထီးနန်းသိမ်းဘိသိက်ခံရေးကို စိန်ခေါ်မဲ့သူ မရှိကြောင်းယူဆရပါတယ်။

ကျန်စစ်သားမင်းဟာ ဉာဏ်ပညာကြီးမားတဲ့၊ စွမ်းရည်ပြည့်တဲ့ အကြင်နာဂရုဏာတရားကြီးမားတဲ့ မင်းတပါးအဖြစ် သက်သေခံပါ

စာမျက်နှာ ၈ သို့

# ကင်တားနားနှင့် မြန်မာအာဏာပိုင်တွေ နေပြည်တော်မှာ တွေ့ဆုံဆွေးနွေး

**VOA ၊ ဩဂုတ်လ ၂၂။** ။ တနင်္ဂနွေနေ့ကမြန်မာနိုင်ငံကိုရောက်ရှိလာခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးစုံစမ်းစစ်ဆေးသူ Tomas Ojea Quintana ဟာနေပြည်တော်မှာပြည်ထောင်စုတရားသူကြီး ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယရဲချုပ်ရဲမှူးချုပ်ဇော်ဝင်း၊ မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နဲ့ ပြည်ထောင်စုကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ် လှမင်း၊ နိုင်ငံတော်အကြံပေးအဖွဲ့ ၃ ဖွဲ့နဲ့ ဒီနေ့ ထပ်မံတွေ့ဆုံခဲ့ပါတယ်။

၅ ရက်ကြာ သူ့ရဲ့မြန်မာနိုင်ငံခရီးစဉ်အတွင်း မြန်မာအစိုးရတာဝန်ရှိသူတွေနဲ့ ၂ ရက်ဆက်တိုက်တွေ့ဆုံပြီး နိုင်ငံရေးအကျဉ်းသားကိစ္စနဲ့လူ့အခွင့်အရေးအခြေအနေတွေကို ဆွေးနွေးပြောဆိုခဲ့ပါတယ်။

ဒ့ါအပြင် မစ္စတာကင်တားနားဟာ မနေ့က မြန်မာနိုင်ငံကိုရောက်ရောက်ချင်း ပထမဦးဆုံးအနေနဲ့နိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏ မောင်လွင်နဲ့တွေ့ဆုံပြီး လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတစောင်ကိုလည်း တင်သွင်းခဲ့တယ်လို့ ဒီနေ့ထုတ် အစိုးရသတင်းစာတွေမှာရေးသားခဲ့ပါတယ်။ ဆွေးနွေးမှုအသေးစိတ်ကိုတော့ မသိရပါဘူး။

မစ္စတာ ကင်တားနားအနေနဲ့ နေပြည်တော်မှာ ဒုတိယအကြိမ်ကျင်းပမယ့် လွှတ်တော်အစည်းအဝေးကို လေ့လာသူတယောက်အနေနဲ့တက်ရောက်မယ်ဆိုပြီးတော့လည်း ကုလသမဂ္ဂကထုတ်ပြန်တဲ့အစီရင် ခံစာမှာ ဖော်ပြခဲ့ပေမဲ့ ဒီနေ့မှာ တက်ရောက်ခြင်းမရှိဘူးလို့လည်းသိရပါတယ်။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အပါအဝင် NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေနဲ့ပါဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်မှာ ၂၄ ရက်နေ့မှာ တွေ့ဆုံဖို့ရှိပြီး အဲဒီမှာ NLD ပါတီက ရေ့နေတွေပြုစုထားတဲ့ လူ့အခွင့်အရေးအခြေအနေမှတ်တမ်းကိုလည်း မစ္စတာကင်တားနားကို ဆွေးနွေးတင်ပြဖို့ရှိတယ်လို့ မနေ့က NLD ပြောခွင့်ရပုဂ္ဂိုလ်ဦးဉာဏ်ဝင်းက ဗွီအိုအေကို ပြောဆိုခဲ့ပါတယ်။

သူ့ရဲ့ မြန်မာနိုင်ငံခရီးစဉ် နောက်ဆုံးနေ့ဖြစ်တဲ့ ဩဂုတ်လ ၂၅ ရက်နေ့ကျရင်တော့ ခရီးစဉ်အတွင်း လေ့လာတွေ့ရှိခဲ့တဲ့ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေတွေကို ရန်ကုန်မှာ သတင်းစာရှင်းလင်းပွဲလုပ်ဖို့လည်း အစီအစဉ်ရှိပါတယ်။ ခရီးစဉ်နဲ့ပတ်သက်တဲ့ အစီရင်ခံစာအသေးစိတ်ကိုတော့ ဒီနှစ် နှောင်းပိုင်းကျရင် ကုလသမဂ္ဂအထွေထွေညီလာခံကို တင်ပြမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံကိုမစ္စတာကင်တားနားနောက်ဆုံးလာရောက်ခဲ့တာဟာ ၂၀၁၀ ဖေဖော်ဝါရီလမှာဖြစ်ပါတယ်။ အဲဒီခရီးစဉ် အပြီးမှာပဲမစ္စတာကင်တားနားက မြန်မာနိုင်ငံမှာစစ်ခေါင်းဆောင်တွေ ကျူးလွန်ထားတယ်လို့ဆိုတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကိုစုံစမ်းဖော်ထုတ်နိုင်ဖို့ ကုလသမဂ္ဂစုံစမ်းစစ်ဆေးရေးကော်မရှင်တခု ဖွဲ့ရေးကိုလည်း ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှာ အကြံပြုခဲ့တာဖြစ်ပါတယ်။

---

**မျက်နှာဖုံးမှ**

ပြောပြခဲ့တာဖြစ်ပါတယ်။ မစ္စတာ ကင်တားနားဟာ ဒီနေ့ နေ့လယ်က ဒေါ်အောင်ဆန်းစုကြည်နဲ့မတွေ့ခင် မနက် ၉ နာရီကနေ နေ့လယ်၁၂ နာရီခွဲကျော်ထိ အင်းစိန်ထောင်ထဲကို သွားရောက်ခဲ့ပါတယ်။သူတွေ့ခွင့်ရဖို့ တောင်းဆိုထားတဲ့ နိုင်ငံရေးအကျဉ်းသား ၇ ဦးနဲ့တွေ့ဆုံပြီး ထောင်တွင်းက အခြေအနေတွေမေးမြန်းပြောဆိုခွင့်ရခဲ့သလို အင်းစိန်ထောင်ထဲက နေရာတချို့ကိုလည်း သွားရောက်လေ့လာခဲ့တယ်လို့ မစ္စတာကင်တားနားရဲ့ ခရီးစဉ်အတွင်းအတူလိုက်ပါခဲ့သူ ရန်ကုန်အခြေစိုက်ကုလသမဂ္ဂရုံးရဲ့ပြန်ကြားရေးအရာရှိ ဦးအေးဝင်းကပြောပါတယ်။

"ဒီနေ့ အင်းစိန်ထောင်သွားတော့ မစ္စတာကင်တားနားက ဦးအောင်သိန်းရယ်၊ ဒေါက်တာတင်မင်းထွဋ်ရယ်၊ မသီဂီ၊ ကိုဖြိုးဝေအောင်၊ ကိုဝင်းကျော်နိုင်၊ ကိုစည်သူဇေယျ၊ ကိုညီညီထွန်းတို့နဲ့ တွေ့ခဲ့ပါတယ်။ တခြား အကျဉ်းသားတွေ တွေ့ဖို့ဆိုတာ အချိန် တော်တော်လေးနည်းနေတဲ့အတွက် အစုံတော့မတွေ့နိုင်ခဲ့ပါဘူး။ လောလောဆယ်တော့ ကင်တားနားတောင်းဆိုထားတဲ့ စာရင်းအရ အကုန်လုံးပေးတွေ့ပါတယ်။ နောက်တခါ အကျဉ်းထောင်ထဲမှာနည်းနည်းပါးပါး လှည့်ပတ်ကြည့်ပါတယ်။ အကျဉ်းထောင်ထဲမှာရှိတဲ့ တရားစခန်းဖွင့်တဲ့နေရာ၊ HIV ဝေဒနာရှင်တွေကို ကုသတဲ့ နေရာပေ့ါ၊ အဲဒီနေရာတွေကို ကြည့်ခဲ့ပါတယ်။"

ရန်ကုန်အခြေစိုက် ကုလသမဂ္ဂရုံးရဲ့ပြန်ကြားရေးအရာရှိဦးအေးဝင်းက ဒီကနေ့ အင်းစိန်ထောင်ထဲ မစ္စတာကင်တားနားသွားခဲ့တဲ့ အကြောင်း ပြောပြခဲ့တာဖြစ်ပါတယ်။

ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာကင်တားနားဟာ မနက်ဖြန် ရန်ကုန်ကနေ မပြန်ခင် မနက်ပိုင်းမှာ နိုင်ငံရေးပါတီတချို့၊ နိုင်ငံရေး အကျဉ်းသားဟောင်းတချို့အပြင် လူ့အခွင့်အရေး လှုပ်ရှားသူ တချို့နဲ့လည်း တွေ့ဖို့စီစဉ်ထားသလို ရန်ကုန်ကနေ ပြန်ထွက်မယ့် ညနေ ၅ နာရီမှာတော့ ရန်ကုန်လေဆိပ်မှာ သတင်းစာရှင်းလင်းပွဲတခု ပြုလုပ်သွားမှာလည်းဖြစ်ပါတယ်။ ဒါပေမဲ့ မစ္စတာကင်တားနားဟာ နယ်ဘက်တွေကို ဒီတခေါက် ခရီးစဉ်အတွင်း မသွားနိုင်တော့ဘူးလို့လည်း ဦးအေးဝင်းက ပြောပါတယ်။

မြန်မာနိုင်ငံကို ၅ ရက်ကြာအဖြစ် ဩဂုတ်လ ၂၁ ရက်နေ့ကတည်းက ရောက်နေတဲ့ မစ္စတာကင်တားနားဟာ ပြီးခဲ့တဲ့ ၃ ရက်က နေပြည်တော်မှာ နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး အပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နဲ့ တွေ့ဆုံပြီး မြန်မာ့အရေးအခြေအနေတွေ ပြောဆိုခဲ့ပါတယ်။

တခါ နေပြည်တော်မှာ ပြုလုပ်နေတဲ့ လွှတ်တော်တွင်း မနေ့က သွားရောက်လေ့လာခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် တချို့နဲ့လည်း တွေ့ဆုံသလို ပြည်ထဲရေးဝန်ကြီးဌာနမှာ ပုံမှန်ပြုလုပ်နေတဲ့ လူ့အခွင့်အရေးသင်တန်းကိုလည်း သွားရောက်ခဲ့ပြီး မနေ့ညက ရန်ကုန်ကို ပြန်လာခဲ့တာ ဖြစ်ပါတယ်။

ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာတောမတ်စ် အိုဟေးကင်တားနားဟာ မြန်မာနိုင်ငံကို အရင်က ၃ ကြိမ် လာခဲ့ဖူးသလို ပြီးခဲ့တဲ့ ၂၀၁၀ ဖေဖော်ဝါရီလက နောက်ဆုံးရောက်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း ပြည်ဝင်ခွင့်ဗီဇာမပေးဘဲ ပိတ်ထားရာကနေ အခု အစိုးရသစ်ပြောင်းအပြီး ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံက လူ့အခွင့်အရေးအခြေအနေတွေကို လာရောက်စုံစမ်းခွင့်ရတာ ဖြစ်ပါတယ်။

# ကုလကိုယ်စားလှယ် အင်းစိန်ထောင်တွင်းရှိ နိုင်ငံရေးအကျဉ်းသားတချို့နှင့် တွေ့ဆုံ

**VOA ၊ ဩဂုတ်လ ၂၄ ။** ။ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ် Tomas Ojea Quintana အနေနဲ့ အင်းစိန်ထောင်သွားရောက်ပြီး နိုင်ငံရေးအကျဉ်းသားအချို့ တွေ့ဆုံခဲ့တာကြောင့် အနိမ့်ဆုံး ထောင်တွင်းအခြေအနေတွေ တိုးတက်ကောင်းမွန်လာနိုင်တယ်လို့ နိုင်ငံရေးအကျဉ်းသားမိသားစုဝင်တွေက မျှော်လင့်နေကြပါတယ်။ ကုလသမဂ္ဂကိုယ်စားလှယ်ကို အခုလို ပြည်ဝင်ခွင့်ပေးပြီး နိုင်ငံရေးအကျဉ်းသားတွေကို တွေ့ဆုံခွင့်ပေးတာထက် နိုင်ငံရေးအကျဉ်းသား တွေကို လွှတ်ဖို့ အပါအဝင် လူ့အခွင့်အရေး တိုးတက်ပြောင်းလဲမှုတွေအတွက် မစ္စတာကင်တားနားရဲ့ အကြံပြုချက်တွေကိုမြန်မာအစိုးရအနေနဲ့ လေးစားလိုက်နာဖို့ အရေးကြီးတယ်လို့ လှုပ်ရှားသူတွေက ယူဆပါတယ်။ အပြည့်အစုံကို ကိုသားညွန့်ဦးက တင်ပြပေးထားပါတယ်။

မစ္စတာကင်တားနားဟာ ဒီကနေ့မနက်ပိုင်း အင်းစိန်ထောင်သွားရောက်ပြီးနိုင်ငံရေးအကျဉ်းသားဂုဦးနဲ့တွေ့ဆုံခဲ့ပြီးတဲ့နောက်အင်းစိန်ထောင်ဆေးရုံအပါအဝင် ထောင်တွင်းနေရာ အချို့ကိုလှည့်ပတ်ကြည့်ရှုပါတယ်။ တွေ့ဆုံလိုတဲ့ နိုင်ငံရေး အကျဉ်းသားတွေကိုလည်း မစ္စတာကင်တားနားက အာဏာပိုင်တွေကို ကြိုတင်စာရင်းပို့ပြီး တွေ့ခွင့်တောင်းခဲ့တယ်လို့ သိရပါတယ်။

လွန်ခဲ့တဲ့ ၂၀၁၀ သင်္ကြန်တုန်းက ရန်ကုန်မှာ ဗုံးခွဲမှုတွေနဲ့ ဆက်နွယ်ပြီး ဖမ်းဆီးခံခဲ့ရတဲ့ နိုင်ငံရေး အကျဉ်းသား စည်သူဇေယျ ကိုလည်း မစ္စတာကင်တားနားက သွားရောက်တွေ့ဆုံခဲ့ပါတယ်။ အခုလို တွေ့ဆုံခွင့်ရတဲ့အတွက် အနိမ့်ဆုံးတော့ နိုင်ငံရေးအကျဉ်းသားတွေရဲ့ ထောင်တွင်းအခြေအနေတိုးတက်ကောင်းမွန်လာမယ်လို့ မျှော်လင့် သလို သူတို့လွတ်မြောက်လာဖို့ အထိ မျှော်မှန်းမိတယ်လို့ နိုင်ငံရေးအကျဉ်းသား စည်သူဇေယျရဲ့မိခင်ဒေါ်ရီရီတင့်က ဗွီအိုအေကိုပြောပါတယ်။

"မျှော်လင့်တာပေါ့၊ တကယ်လို့ သူ့အတွက်လည်း၊ သူ မတရားသဖြင့် ခံစားနေရတာတွေလည်း မှန်မှန်ကန်ကန်ဖြစ်သွားမယ်လို့ ထင်တာပဲလေ။ သူ့ရဲ့အမှုမှာ တကယ်တမ်းက သက်သေမရှိဘူးလေ၊ ရဲက စစ်တာပဲ။ တကယ်လို့ အစိုးရအနေနဲ့ လွှတ်သင့်တယ်လို့ ထင်တာပဲလေ။အမှန်တရားဖြစ်လာရင်တော့ အကောင်းဆုံးလို့မျှော်လင့်တာပဲ။

"အနည်းဆုံးတော့ နေရေးထိုင်ရေးနဲ့ လူ့အခွင့်အရေးနဲ့ ညီညီညွတ်ညွတ်ဖြစ်မယ်လို့ထင်တာပဲ။ သူတို့အထဲမှာနေရတာ ကျမတို့ အရင်မြင်ဖူးတာတော့ အဝတ်အစားတွေ ဘာတွေဆို တော်တော်ဆိုးဝါးတယ်၊ သူတို့ဝတ်ထားတဲ့ အဝတ်အစားတွေက၊ အဲဒီလို လူ့အခွင့်အရေးနဲ့ပတ်သက်ပြီးတော့ နည်းနည်းပြည့်ပြည့်စုံစုံဖြစ်လာမယ်လို့ ထင်တာပေါ့။"

မစ္စတာ ကင်တားနားအနေနဲ့တော့ မြန်မာနိုင်ငံကို ၂၀၁၀ ဖေဖော်ဝါရီလမှာ နောက်ဆုံးလာရောက်ခွင့်ရခဲ့တာပါ။ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ်တွေအနေနဲ့ မြန်မာနိုင်ငံ ရောက်တိုင်းတော့ အင်းစိန်ထောင်နေရာအချို့ကို ဝင်ရောက်စစ်ဆေးခွင့်ရသလို နိုင်ငံရေးအကျဉ်းသားအချို့နဲ့လည်း တွေ့ဆုံခွင့်ရလေ့ ရှိပါတယ်။

ဒါကြောင့်လည်း မစ္စတာကင်တားနားအနေနဲ့ အခုသွားရောက်ခွင့်ရတာကို ထူးခြားတယ်လို့ မယူဆဘဲ တကယ်တမ်း လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိနေတဲ့နေရာတွေကို မစ္စတာကင်တားနားကို တိုက်ရိုက်သွား ရောက်ခွင့်ပေးသင့်တယ်လို့ AAPP နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်က ပြောပါတယ်။

"တကယ်တမ်း လူ့အခွင့်အရေးချိုးဖောက်ခံရတဲ့ နေရာတွေကို သူသွားခွင့်ရတယ်လို့ ကျနော်တို့ မသိရသေးဘူး။ အင်းစိန်ထောင်တော့ သွားလို့ရတယ်၊ တချို့နေရာတွေသွားလို့ရတယ်၊ တချို့လူတွေနဲ့တွေ့လို့ရတယ်။ အဲဒါတွေက မြို့ပေါ်တွေမှာများနေတယ်။ တကယ် လူ့အခွင့်အရေးချိုးဖောက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေတဲ့ နေရာတွေကို သူသွားပြီး လေ့လာခွင့်ရမယ်ဆိုရင်တော့ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေး အခြေအနေကို သူ အသေးစိတ်ပိုပြီး သိနိုင်မှာပါ။

"အခုက နိုင်ငံရေးအကျဉ်းသားတွေကို သူတို့က ဓားစာခံအဖြစ်နဲ့ အသုံးပြုနေတာမျိုးတွေ ရှိတယ်။ ဥပမာ တချို့ နိုင်ငံတကာရဲ့ ဖိအားတွေ သိပ်များလာပြီဆိုရင် နိုင်ငံရေးအကျဉ်းသား ရာဂဏန်းလောက်ကို လွှတ်ပေးလိုက်၊ အဲဒီအချိန်မှာ နိုင်ငံတကာက ပြန်ပြီးတော့ သူတို့ကို ထောက်ခံလိုက်၊ တချို့ နိုင်ငံတကာကိစ္စတွေမှာ သူတို့လိုချင်တာရဖို့အတွက် အဲဒီလို လွှတ်လိုက် ဖမ်းလိုက်နဲ့ ကစားနေတဲ့ ပုံစံမျိုးဖြစ်နေတယ်။ နိုင်ငံရေးအကျဉ်းသားတွေကို ဓားစာခံအဖြစ်နဲ့ သုံးနေမယ့် အစားတကယ့် စစ်မှန်တဲ့ နိုင်ငံရေးအကျဉ်းသားတွေကို လုပ်ဖော်ကိုင်ဘက်အဖြစ်သဘောထားလွှတ်ပေးလိုက်ပြီးပူပေါင်းလုပ်ဆောင်တာက အကောင်းဆုံးအဖြေဖြစ်မှာပါ။"

မြန်မာအစိုးရအနေနဲ့ မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးအခြေအနေ တိုးတက်တယ်ဆိုတာ တကယ်ပြချင်တယ်ဆိုရင် အခုလို မစ္စတာကင်တားနားကို လက်ခံကြိုဆိုတာထက် မစ္စတာကင်တားနားရဲ့ အကြံပြုချက်တွေကိုလိုက်နာဆောင်ရွက်ဖို့ပိုအရေးကြီးတယ်လို့ကိုဘိုကြည်က ပြောပါတယ်။

"သူကတော့ သူ့ဘက်ကနေ ဘယ်လိုတွေလုပ်သင့်တယ်ဆိုတဲ့ အကြံဉာဏ်ကိုပေးမှာပါ။ အဲဒီ အကြံဉာဏ်တွေကို အစိုးရဘက်က တကယ် သေသေချာချာနားထောင်ပြီးတော့ အဲဒီအကြံဉာဏ်တွေအတိုင်း လုပ်ဆောင်သလားဆိုတာက အရေးကြီးပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်တော့ မြန်မာနိုင်ငံကို လာရောက်ခွင့်ပေးတယ်၊ တချို့နေ ရာတွေကို သွားခွင့်ပေးတယ်၊ ပြီးရင် လူ့အခွင့်အရေးကောင်စီမှာပဲဖြစ်ဖြစ်၊ ကုလသမဂ္ဂမှာပဲဖြစ်ဖြစ် ကျနော်တို့က ကုလသမဂ္ဂနဲ့ပူးပေါင်းလုပ်ဆောင်နေပါတယ်ဆိုတာ ပြချင်ရုံအတွက်ပဲ သူ့ကို ဖိတ် တာ လားဆိုတာက ကျနော်တို့အတွက် မေးခွန်းပါ။"

မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးအခြေအနေ တိုးတက်ဖို့နဲ့ နိုင်ငံရေးအရေအပြောင်းအလဲတွေ ဖြစ်လာဖို့ဆိုရင် ကနဦးဆုံးအဆင့် အနေ

**စာမျက်နှာ ၁၂ သို့**

# ဈေးကွက်ငွေလဲနှုန်းသတ်မှတ်ရေးနှင့်ပတ်သက်၍ သတင်းသုံးသပ်ချက်

**VOA ၊ ဩဂုတ်လ ၆ ။ ။** မြန်မာပြည်မှာ နိုင်ငံခြားငွေကြေးဈေးကွက် ပေါ်ပေါက်ရေးနဲ့ငွေလဲနှုန်း တရားဝင်သတ်မှတ်ရေးကို ဦးစားပေးဆောင်ရွက်နေကြောင်း အစိုးရသတင်းမီဒီယာမှာ ဇူလိုင်လ (၂၃) ရက်နေ့က ဖော်ပြထားပါတယ်။ မြန်မာပြည်မှာ ငွေလဲနှုန်းအမျိုးမျိုးရှိပါတယ်။ တစ်ဒေါ်လာ (၆) ကျပ်နဲ့ ငွေလဲနှုန်း အစိုးရက သတ်မှတ်ထားတာ အနှစ် (၃၀) ကျော်ပါပြီ။ ဒါပေမဲ့ ကာလပေါက်ဈေးဟာ အစိုးရနှုန်းထက် အဆပေါင်းများစွာမြင့်မားပါတယ်။ အခွန်ကောက်ယူရာမှာသုံးတဲ့ ငွေလဲနှုန်း၊ ဟော်တယ်မှာသုံးတဲ့ ငွေလဲနှုန်း၊ ငွေလဲသူ (money changer) သုံးတဲ့နှုန်း၊ FEC (Foreign Exchange Currency) ဝယ်ယူတဲ့ ငွေဖလှယ်နှုန်းစသဖြင့် အမျိုးမျိုးရှိပါတယ်။

ဒီလို စင်ပြိုင်ငွေလဲနှုန်း အမျိုးမျိုးရှိနေတာဟာ ဈေးကွက်နဲ့ ဈေးနှုန်းကို ကမောက်ကမဖြစ်စေပြီး ကုန်ကျစရိတ် ကြီးမားစေတယ်လို့ ထောက်ပြကြပါတယ်။ ဒါပေမဲ့ ဒီစနစ်ကြောင့် စစ်အုပ်စုအသိုင်းအဝိုင်း အကျိုးခံစားနေရတဲ့အတွက် ဈေးကွက်သဘောအတိုင်း ဖြစ်ပေါ်လာတဲ့ ငွေလဲနှုန်းကို အခွင့်ထူးခံလူတန်းစားက လက်ခံနိုင်ပါ့မလားဆိုတာ စဉ်းစားစရာဖြစ်နေပါတယ်။ လက်ရှိငွေလဲစနစ်ဟာ အစိုးရကို အယုံအကြည်ကင်းမဲ့စေတဲ့ အချက်တခုလည်းဖြစ်ပါတယ်။

နိုင်ငံခြားက မြန်မာအလုပ်သမားက ကြားပွဲစား/ကြားလူကိုသုံးတဲ့ ဟွန်ဒီ (Hundi) စနစ်ကိုသာ ယုံကြည်ကြပါတယ်။ ဥပမာ ဘန်ကောက်မှာ အလုပ်လုပ်သူက ရန်ကုန်က မိသားစုကို ငွေပို့ချင်ရင် ဘန်ကောက်ဟွန်ဒီကတဆင့်ပို့ပါတယ်။ ဟွန်ဒီအချင်းချင်း ချိတ်ဆက်ထားတာမို့ ဘန်ကောက်မှာ ဘတ်ငွေပေးလိုက်ရင် ရန်ကုန်မှာ ကျပ်ငွေထုတ်ယူနိုင်ပါတယ်။ ငွေလွှဲခကိုတော့ ငွေဖလှယ်နှုန်းထဲထည့်ပြီး သားမို့ပေးစရာမလိုပါဘူး။ ဒါပေမဲ့ ဘန်ကောက် ဟွန်ဒီမှာ ဘတ်ငွေတွေ ပုံလာပြီး ရန်ကုန်ဟွန်ဒီမှာ ကျပ်ငွေနည်းသွားနိုင်ပါတယ်။ ဒီလိုမဖြစ်အောင် ဘန်ကောက် ဟွန်ဒီဟာ ရန်ကုန်ကမှာတဲ့ ပစ္စည်းကို ပို့ပေးပါတယ်။ ဘဏ်တိုက်ကတဆင့် ငွေလွှဲတာမဟုတ်တဲ့အတွက် မြန်မာပြည်ကို ဒေါ်လာငွေ ရောက်မလာတာကြောင့် ဗမာအစိုးရအကျိုးမခံစားရဘူးလို့ ပြောနိုင်ပါတယ်။

FEC ခေါ် ဒေါ်လာအတု သုံးဖို့ စီစဉ်ထားတာဟာလည်း အစိုးရစားကွက်တခုဖြစ်ပါတယ်။ ပြည်တွင်းမှာ အမေရိကန်ဒေါ်လာအသုံးပြုတာကို လက်မခံဘဲ၊ အစိုးရထုတ်တဲ့ FEC ဒေါ်လာအတုကို သုံးခွင့်ပြုပါတယ်။ အရင်ကဆိုရင် နိုင်ငံခြားခရီးသည် ရောက်လာတာနဲ့သတ်မှတ်ထားတဲ့ FEC ကို ဝယ်ရပါတယ်။ ၂၀၀၃ ရောက်မှ ဒီမဝယ် မနေရစနစ်ကို ရုတ်သိမ်းလိုက်ပါတယ်။ လေယာဉ်လက်မှတ်၊ နိုင်ငံခြားပစ္စည်းစတာတွေကို ဝယ်ယူရာမှာလည်း FEC ကို သုံးနိုင်ပါတယ်။ အမေရိကန်ဒေါ်လာ ပြည်သူတွေသုံးတာကို တရားမဝင်ဘူးလို့ အစိုးရက သတ်မှတ်ပေးမယ့် အလွတ်ဈေးကွက်မှာ အမေရိကန်ဒေါ်လာကိုသာ တန်ဖိုးထားကြပါတယ်။ ဒါကြောင့် FEC ဟာ ဒေါ်လာလောက်ဈေးမရပါဘူး။ ဒေါ်လာကို FEC နဲ့လဲပြီး သုံးနေရတဲ့ နိုင်ငံခြားအမှုထမ်းတွေဟာ အမြဲတမ်းအရှုံးပေါ်နေပါတယ်။ FEC ကို သုံးလာတာ (၁၈) နှစ်ရှိနေပါပြီ။ ငွေလဲနှုန်းအမျိုးမျိုးသုံးတာ အဂတိလိုက်စားမှုကိုအားပေးသလိုဖြစ်နေပါတယ်။

၂၀၀၈ မှာ ဖြစ်ပွားခဲ့တဲ့ နာဂစ်လေဘေးမှာ နိုင်ငံခြားကယ်ဆယ်ရေးဝန်ထမ်းတွေဟာ ဒေါ်လာကို FEC နဲ့လဲပြီး သုံးကြရတဲ့အတွက် ဒေါ်လာ (၁၀) သန်းကျော် ဗမာအစိုးရ အမြတ်ထွက်သွားကြောင်း သိရပါတယ်။ အဲဒီအချိန်က အပြင်ဈေးကွက်မှာ တဒေါ်လာကျပ်တထောင်ကျော်ဈေးရှိနေပေမယ့် FEC ဟာ ရှစ်ရာဝန်းကျင်မှာသာ ဈေးရှိတာကြောင့် FEC ဝယ်သုံးသူဟာ အရှုံးပေါ်နေရတာဖြစ်ပါတယ်။ FEC တစ်ဒေါ်လာဟာ အမေရိကန် တစ်ဒေါ်လာနဲ့ တန်ဖိုးတူညီတယ်လို့ ဆိုပေမယ့် အစိုးရပိုင်နိုင်ငံခြားငွေဖလှယ်ရေးဘဏ်မှာ သွားလဲရင် FEC ဟာ ဒေါ်လာပေါက်ဈေးထက် အမြဲတမ်းနည်းနေပါတယ်။ ၁၉၉၃ ကစပြီး ပြည်တွင်းသုံးအတွက် (၁၀) ဒေါ်လာ၊ (၅) ဒေါ်လာ နဲ့ (၁) ဒေါ်လာ တန်ဖိုးနဲ့ ညီမျှတဲ့ FEC ငွေစက္ကူ (၃) မျိုး ထုတ်ဝေထားပါတယ်။ ကမ္ဘာ့လှည့်ခရီးသည်လုပ်ငန်း၊ နိုင်ငံခြားအဖွဲ့အစည်းနဲ့ ကုမဏီအမှုထမ်းတွေထဲမှာ FEC နဲ့ လစာရကြသူတွေ ရှိပါတယ်။

ဗမာအစိုးရအသုံးစရိတ်မှာ အမြဲတမ်း လိုငွေပြနေပါတယ်။ ခါတ်ငွေရောင်းရလို့ ဒေါ်လာတွေ သန်းပေါင်းထောင်ချီပြီး ဝင်လာလည်း လိုငွေပြတုန်းပါ။ ဘာဖြစ်လို့လည်းဆိုတော့ ခါတ်ငွေရောင်းလို့ရတဲ့ ဒေါ်လာကို (၆) ကျပ်နှုန်းနဲ့တွက်ပြီး စာရင်းပြထားလို့ဖြစ်ကြောင်း မြန်မာ့စီးပွားရေးစောင့်ကြည့်ရေးအဖွဲ့က ဘောဂဗေဒပညာရှင် Dr.Sean Turnell ကဆိုပါတယ်။ ဥပမာ ၂၀၀၆/၂၀၀၇ ဘဏ္ဍာရေးနှစ်မှာ ခါတ်ငွေရောင်းလို့ရတဲ့ ဒေါ်လာသန်း (၁၂၅၀) ကို ကျပ်ငွေသန်း (၇၅၀၀) အဖြစ်စာရင်းပြထားပါတယ်။ ပေါက်ဈေးနဲ့တွက်ရင် ကျပ်ငွေသန်း ထောင်ပေါင်း တသန်းငါးသိန်း (၁၅၀၀၀၀၀) ရှိမှာဖြစ်တဲ့အတွက် အစိုးရအသုံးစရိတ်လိုငွေပြမှုကို အနည်းနဲ့အများ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ခါတ်ငွေကရတဲ့ ဒေါ်လာတွေကို အစိုးရဝင်ငွေစာရင်းမှာမပြဘဲ စစ်အုပ်စုရဲ့ အထူးရန်ပုံငွေအဖြစ် သီးသန့်ဖယ်ထားတာ ဖြစ်နိုင်တယ်လို့ Dr. Sean Turnell က သုံးသပ်ပါတယ်။

ခါတ်ငွေဒေါ်လာကို တမင်တကာ (၆) ကျပ်နှုန်းနဲ့တွက်ပြီး စာရင်းပြတာဟာ နားလည်ရခက်တဲ့ ကွယ်ဝှက်ချက်ဖြစ်တယ်လို့ ဂျပန်စီးပွားရေးပညာရှင် Koji Kubo က ဆိုပါတယ်။ နိုင်ငံခြားငွေလဲနှုန်းကို မချုပ်ကိုင်ဖို့သူက တင်ပြထားပါတယ်။ ယုတ္တိမတန်တဲ့ ငွေလဲမှုစနစ်ကို ဖျက်သိမ်းဖို့ IMF (International Monetary Fund အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က တိုက်တွန်းနေတာလည်း ကြာပြီဖြစ်ပါတယ်။

---

**စာမျက်နှာ ၃ မှ**

လုယ်မစ္စတာကင်တားနားဟာ အရင်စစ်အစိုးရလက်ထက်က ၃ ကြိမ် မြန်မာနိုင်ငံကို လာခဲ့ဖူးသလို တိုင်းရင်းသားဒေသတွေမှာ စစ်ခေါင်းဆောင်တွေ ကျူးလွန်နေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ကုလသမဂ္ဂက စုံစမ်းစစ်ဆေးရေးကော်မရှင်တခုဖွဲ့ပြီး စုံစမ်းဖို့ မစ္စတာကင်တားနားက လူ့အခွင့်အရေးကော်မရှင်ကို အကြံပြုထားသူလည်း ဖြစ်ပါတယ်။

# နယ်စပ်ပြဿနာဖြေရှင်းဖို့ မြန်မာ ရဲချုပ် ဦးကျော်ကျော်ထွန်း ထိုင်းရောက်

**DVB ၊ ဩဂုတ် ၂၂။** ။ မူးယစ်ဆေးဝါးနှိမ်နင်းဖို့အပါအဝင် နှစ်နိုင်ငံနယ်စပ်ပြဿနာတွေ ပူးပေါင်းဖြေရှင်းဖို့ မြန်မာရဲချုပ် ထိုင်းနိုင်ငံကို ရောက်ရှိနေပါတယ်။ ရဲချုပ်ဦးကျော်ကျော်ထွန်း ဦးဆောင်တဲ့အဖွဲ့ဟာ ထိုင်းရဲချုပ်နဲ့တွေ့ဆုံဖို့ ရှမ်းပြည်နယ် တာချီလိတ်မြို့ကနေ ထိုင်းငံ ဘန်ကောက်မြို့ကို ဒီနေ့ရောက်ရှိသွားပါတယ်။

ထိုင်းရဲချုပ်ဟာ ဒီလ ၁၃ ရက်ကနေ ၁၅ ရက်အထိ နေပြည်တော်ခရီးစဉ်တုန်းက ရဲချုပ်ဦးကျော်ကျော်ထွန်းနဲ့တွေ့ဆုံပြီး မူးယစ်ဆေးဝါးနှိမ်နင်းရေးအပါအဝင် နှစ်နိုင်ငံ နယ်စပ်ပြဿနာတွေ ပူးပေါင်းဖြေရှင်းရေး ဆွေးနွေးခဲ့ကြတာပါ။ အခုတကြိမ် တွေ့ဆုံမှုမှာတော့ လက်တွေ့လုပ်ငန်းစဉ်တွေ အသေးစိတ် ဆွေးနွေးချမှတ်ကြဖို့ပဲလို့ အမည်မဖော်လိုတဲ့ ထိုင်းအဆင့်မြင့်အရာရှိတဦးကပြောပါတယ်။

တာချီလိတ်မြို့ မူးယစ်ဆေးဝါး နှိမ်နင်းရေးဌာနနဲ့ နီးစပ်သူတဦးကလည်း မြန်မာအစိုးရနဲ့အပစ်အခတ်ရပ်စဲထားတဲ့ ရှမ်းပြည်နယ်ထဲက လက်နက်ကိုင်အဖွဲ့အစည်းတွေ၊ ပြည်သူ့စစ်အဖွဲ့တွေနဲ့နယ်ခြားစောင့်တပ်တွေဟာ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်နေကြတဲ့အတွက် အဲဒီဒေသတွေ၊ ရွှေတြိဂံနယ်မြေနဲ့ ထိုင်းနိုင်ငံဘက်ခြမ်းက မဲ့ဖားလွမ်ဒေသတို့ကို ကြပ်မတ်နိုင်ဖို့ အဓိကကျတယ်လို့ပြောပါတယ်။

ထိုင်းမီဒီယာတွေကတော့ မူးယစ်ဆေးပပျောက်ရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း အသေးစိတ် ရေးဆွဲနိုင်ဖွယ်ရှိတယ်လို့ သတင်းထုတ်ပြန်ပါတယ်။ထိုင်းသတင်းထောက်တဦးက "မူးယစ်ဆေးဝါးအပါအဝင် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတွေ ထိုင်းနဲ့မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ဖို့ဆိုတဲ့နေရာမှာ တကယ်မလုပ်ခင် ရှင်းရှင်းလင်းလင်းဖြစ်ဖို့ အရင်ညှိနှိုင်းကြရတာ။

ဘောင်တွေ နယ်မြေတွေကို အသေအချာချမှတ်ခဲ့ဝေကြရမယ်။ နှစ်နိုင်ငံအကြား တွဲလုပ်၊ ခွဲလုပ်ရမယ့်ကိစ္စ တွေနောက်ပိုင်းမှာမရှင်းမရှင်းပြဿနာတွေမဖြစ်အောင် ငွေကြေးခွဲဝေ သုံးစွဲမှုပိုင်းမှာ ဘယ်လို ခွဲဝေသုံးစွဲကြမယ်ဆိုတာတွေလည်းပါတယ်" လို့ပြောပါတယ်။ လွန်ခဲ့တဲ့ရက်ပိုင်းအတွင်း ကရင်ပြည်နယ်က နယ်ခြားစောင့်တပ်ခေါင်းဆောင်စောချစ်သူကို ထိုင်းအစိုးရဘက်ကတွေ့ဆုံတာဟာလည်းနှစ်ဘက်ပူးပေါင်းလုပ်မယ့်ဒီစီမံကိန်းရဲ့ တစိတ်ဒေသပဲလို့ဆိုပါတယ်။

မြန်မာပြည်ကထုတ်လုပ်တဲ့ မူးယစ်ဆေးဝါးတွေ ထိုင်းနိုင်ငံကိုဖြတ်ကျော်ပြီး ကမ္ဘာကို ပျံ့နှံ့နေတာအပါအဝင် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတွေ နှိမ်နင်းရေးအတွက် အမေရိကန်၊ ဩစတြေးလျ၊ ကနေဒါ၊ ရုရှ၊ ဂျပန်၊ တရုတ်နဲ့ တောင်ကိုရီးယားနိုင်ငံတို့က အာဆီယံအဖွဲ့ကို ထောက်ပံ့ထားပါတယ်။

နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေး (SOMTC) Senior Officer Meeting forTransnational Crime တွေကို အာဆီယံ (အရှေ့တောင်အာရှနိုင်ငံများအသင်း) ဝင် ၁၀ နိုင်ငံမှာ နှစ်စဉ် အလှည့်ကျကျင်းပပြီး ပူးပေါင်းစီမံကိန်းတွေကိုထိုင်းနိုင်ငံက ဦးဆောင်ရေးဆွဲနေပါတယ်။

---

**စာမျက်နှာ ၄ မှ**

တယ်။ သူတည်ထားခဲ့တဲ့ အာနန္ဒာဘုရားဟာလဲ သူ့ရဲ့ဆွဲ ဆောင်မှုပင်ကိုယ်စရိုက်ကို ရောင်ပြန်ဟပ်နေစေပါတယ်။ အလင်းအမှောင်နှစ်ခုစလုံး အားကောင်းအောင် ကျက်သရေရှိရှိ အချိုးကျ တည်ဖွဲ့ထားလို့ လှပတဲ့အဆောက် အအုံအဖြစ် သဘောထားယူဆရပါတယ်။ အာနန္ဒာစေတီကိုဖူးမျှော်ရတာဟာ ရှားပါးတဲ့ဘုရင်တပါးကို ကန်တော့ရသလိုစေတီအတွင်းရှိ ထူးခြားတဲ့ဗုဒ္ဓရုပ်ပွားတော်များဟာ ဘာသာရေးအမွေအဖြစ်ကိုယ်စားပြုထားတာပါလားလို့ လေးလေးနက်နက် ချင့်ချိန်စဉ်းစားမိစေပါတယ်။

ဟိုတယ်မြေပေါ်မှာ ကျွန်ုပ်တို့ကို ရင်သပ်ရှုမောဘွယ် အံ့သြခြင်းအဖြစ်နဲ့ ကျန်စစ်သားမင်းကြီးကို ရည်စူးတည်ထားကိုးကွယ်တဲ့ စေတီနှစ်ဆူကို ဖူးမျှော်ခွင့်ရစေခဲ့ပါတယ်။ တကယ်တမ်းကို မထင်မရှားလူသိမများတဲ့စေတီများဖြစ်ပါတယ်။ တဆူကတော့ ကျန်စစ်သားမင်းကြီးအုပ်ချုပ်စဉ်ချိန်မှာ သူ့ရဲ့ရန်သူများအပေါ် အောင်မြင်ခြင်းအတွက်ဂုဏ်ပြုရည်စူးတည်ထားတာလို့ ကျွန်မတို့ကိုပြောပြပါတယ်။ အခြားတဆူကတော့ စစ်ဝါဒီတယောက်အနေနဲ့ သူကျူးလွန်ခဲ့တဲ့ အကြမ်းဖက် ကျူးလွန်ခဲ့မှုများမှ ကြေရာကြေကြောင်းအတွက် သူနတ်ရွာစံခါနီးမှာ တည်ထားပေးထား တာလို့ ဆိုပါတယ်။

စားသောက်ဆောင်အနီး ဥယျဉ်ထဲမှာတော့ သင့်တင့်တဲ့အရွယ်အဆောက်အအုံများရှိပါတယ်။ အဲဒီနေရာများမှာ ညနေတိုင်း ရိုးရာစောင်းဂီတသံများဖြင့်တီးခတ်ဖျော်ဖြေကြပါတယ်။ သီးသန့်ဘုရားရှစ်ခိုးဆောင်များ အနုံအသက်များရရှိပါတယ်။ ယင်းတို့တွင် ဆိတ်ငြိမ် ညနေဆည်းဆာမှာ ဆီးမီးဖယောင်းတိုင်များထွန်းညှိပူဇော်ကြရတာ ကြီးမားထင်ရှားတဲ့ ဘုရားကြီးများမှာ ဘုရားရှိခိုးပူဇော်ရမှုနဲ့ ခြားနားတဲ့ခံစားမှုကိုရရှိပါတယ်။

ကျွန်မရဲ့သားနဲ့ကျွန်မတို့ဟာ အဆောက်အဦးဟောင်းများကို ကတိုက်ကရိုက်လျှောက်မကြည့်တော့ရန် ဆုံးဖြတ်လိုက်ကြပြီး၊ ဟိုတယ်ပရဝဏ်တွင်းရှိ အာနန္ဒာဘုရားနဲ့ကျန်စစ်သားမင်းကြီးရဲ့စေတီငယ်များအပြင် အခြားစေတီနှစ်ဆူဖြစ်တဲ့ သဗ္ဗညုနဲ့မနုဟာဘုရားများကို သွားရောက်ဖူးမျှော်ခဲ့ကြပါတယ်။ မနုဟာစေတီကတော့ အကျဉ်းခံမွန်ဘုရင် မနုဟာမင်းတည်ထားခဲ့တယ်လို့ အများက ယေဘုယျယူဆထားတာမို့ တမူထူးခြားလျက်ရှိနေပါတယ်။ ကာလကြာ ရှည်လက်ခံထားတဲ့ သမိုင်းမှာပညာရှင်များ အငြင်းပွားနေကြပါတယ်။

ဒါပေမယ့် ဒီစေတီဟာ တားဆီးပိတ်ပင်ခံထားရတဲ့ လွတ်မြောက်မှုရဲ့ ပြင်းပြတဲ့ခံစားမှုဝန်းကျင်ကို ဖန်တီးဘို့ တမင်လာပုံစံဖော်ဆောင်ထားပုံရပါတယ်။ ဗုဒ္ဓရုပ်ပွားတော်များဟာ ရှိတဲ့နေရာနဲ့ အချိုးမကျစွာ အလွန်ကြီးမားနေပါတယ်။ ဖူးမျှော်ရတဲ့ဧည့်သည်မှာတော့ ပိတ်လှောင်ကြောက်လွန့်စိတ်ရောဂါ၊ လွတ်မြောက်လိုတဲ့စိတ်ဆန္ဒဖြစ်မှုရဲ့ အသက်ရှူမွန်းကျပ်ခြင်းကို ခံစားဖြစ်ပေါ်စေပါတယ်။ ဤသို့ဖူးမျှော်ရခြင်းကြောင့် ကျွန်ုပ်တို့နိုင်ငံရဲ့လိုအပ်ချက်ကြီးနှစ်ခုကို သတိရစေပါတယ်။ "မတူကွဲပြားနေကြတဲ့ လူမျိုးစုတိုင်းရင်းသားများအတွင်း သဟဇာတမျှမှုကို ယှက်နွယ်ယက်ဖောက်ပေးဘို့ လိုအပ်ချက်" နဲ့ "နိုင်ငံရေးအကျဉ်း သားများအားလုံးလွတ်မြောက်ဘို့ ဆောင်ရွက်ပေးရမဲ့လိုအပ်ချက်တို့"ဖြစ်ကြပါတယ်။ ဒီလိုအသိတရားမှုအားလပ်ခြင်းဆိုတာမရှိနိုင်ပါ။




**ဩဂုတ် ၁၉ I VANCOUVER, Canada II II** ရှေ့နေဟောင်း Rod Germaine သည် Halifax မှ Vancouver အထိ မိုင် ၆၀၄၉ မိုင်ခရီး ကို(၆၃)ရက်တာအချိန်ယူ၍ မြန်မာဒီမိုကရေစီရေးအတွက် မဲတော်ဆေးခန်းသို့ လှူရန် ရန်ပုံငွေရှာ စက်ဘီနင်းခဲ့ကြောင်း။

**ဩဂုတ် ၂၄ I Mizzima II II** မြန်မာတွင် မိုင်ခရိုခရဲဒစ် Microfinance Credit ခေါ် အသေးစားချေးငွေ ဒေါ်လာသန်း ၄၇၀ ခန့်လိုအား ရှိသော်လည်း ဆယ်ရာခိုင်နှုန်းသာ အသုံးပြုနေကြောင်း UNDP မှ လက်တွေ့ဆွေးနွေးပွဲတွင်ဆိုခဲ့၏။

**ဩဂုတ် ၂၅ I Asiancorrespondent II II** ပင်လုံညီလာခံကို အခြေပြု၍ မြန်မာအစိုးရသည် KIO ကချင်လက်နက်ကိုင်အဖွဲ့နှင့် အပစ်အခတ်ရပ်စဲရန် ငြင်းဆိုခဲ့ကြောင်း ကေအိုင်အိုမှ ဆို၏။

**ဩဂုတ် ၂၅ I SHAN II II** မြန်မာပြည်တွင် ပြည်တွင်း အိုးချေအိမ်ချေပစ်၍ ထွက်ပြေးနေရသူများ IDP အတွက် စခန်းများဆောက်သင့်ကြောင်း တင်ပြထားကြောင်း ရှမ်းအမျိုးသားများ ဒီမိုကရက်တစ်ပါတီ SNDP မှ အမတ် ဦးစိုင်း Hsawng Hsi မှ ဆို၏။။

**ဩဂုတ် ၂၅ I Asia Sentinel II II** ထောက်လှမ်းရေးဌာနထိပ်သီးသစ်အဖြစ် ဗိုလ်ချုပ်ကြီးဟောင်းသန်းရွှေ၏ လက်ရုံးတဦးဖြစ်သော ဗိုလ်ချုပ်စိုးရှိန်အား ခန့်လိုက်ကြောင်း သတင်းပြေးနေ၏။

**ဩဂုတ် ၂၅ I Fort Wayne II II** မွန်ပြည်နယ်မှလာသော ဒုက္ခသည်များအတွက် Fort Wayne တွင် မွန်ဘုန်းကြီးကျောင်းတည်ရန် ဒေသခံမွန်များမှစီစဉ်နေ၏။

**ဩဂုတ် ၂၅ I NYT II II** နှစ်ပေါင်းဆယ်စုနှစ်များစွာ စစ်အုပ်ချုပ်ရေးအောက်နေခဲ့ရသောကြောင့် မြန်မာများသည် ဒီမိုကရေစီကို လိုလားကြိုးပမ်းနေ၏။

**ဩဂုတ် ၂၆ I RGN II II** နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရန် အထူးလိုအပ်ကြောင်း မြန်မာဆိုင်ရာလူ့အခွင့်အရေးပါရဂူ Quintana မှ တောင်းဆို၏။

**ဩဂုတ် ၂၆ I BKK Rtrs II II** မြန်မာစစ်အစိုးရသည် အသက်ဆက်ရေးအတွက်လိုအပ်သော လိုက်လျောမှုများ ပြုပြင်ပြောင်းလဲမှုများကို လုပ်နေ၏။

**ဩဂုတ် ၂၆ I UN News Center II II** မြန်မာအစိုးရအား နိုင်ငံရေးလှုပ်ရှားသူများကိုဖမ်းဆီးခြင်းအပါအဝင် လူ့အခွင့်အရေး ဖေါက်ဖျက်မှုများကို အမြန်ဆုံး စုံစမ်းပြုပြင်ရန် ကုလသမဂ္ဂလူ့အခွင့်အရေးပါရဂူ Quintana မှ တင်ပြ၏။

**ဩဂုတ် ၂၆ I RGN II II** အိန္ဒိယ ရေတပ်ဦးစီးချုပ် Nirmal Verma သည် နေပြည်တော်တွင် သမတဦးသိန်းစိန်နှင့် တွေ့ဆုံ၏။

**ဩဂုတ် ၂၆ I Independent II II** ဒေါ်အောင်ဆန်းစုကြည်အကြောင်း ရုပ်ရှင်ကြော်ငြာတွင် သူမ၏ရုပ်အပုံကို ဆွဲရာတွင် သူမအခန်းပါဝင်သူ မိရှဲလ်ယိုးနှင့်လည်းတူအောင် ဆွဲခဲ့သူနှင့် Shepard Fairey မှ ဆို၏။

**ဩဂုတ် ၂၆ I Asian Tribune II II** ပြည်တွင်းစစ်ရှောင်ရှားရန် မြန်မာသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရန်လိုအပ်ကြောင်း ဦးဇင်လင်းမှ သတင်းဝေဖန်အကြံပြု၏။

**ဩဂုတ် ၂၆ I Irrawaddy II II** ကင်တားနား မြန်မာရောက်နေစဉ် တပ်မတော်အရာရှိဟောင်း ကိုနေမျိုးဇင်အား ထောင် ၁၀ နှစ်ချမှတ်၏။

**ဩဂုတ် ၂၆ I Irrawaddy II II** နိုင်ငံရေးအကျဉ်းသားများလွှတ်ရေးကိစ္စ အောင်မြင်သဖွယ်ရှိသော်လည်း မြန်မာအစိုးရမှပြောသည့် နိုင်ငံတည်ငြိမ်မှုကို ဒုက္ခမပေးနိုင်သည့်အခြေရှိသည့် နိုင်ငံရေးအကျဉ်းသားများအားလွှတ်မည်ဟူသည့် စကားသည် မရေရာကြောင်း စိုင်းဗုံဆန်မှ သုံးသပ်၏။

**ဩဂုတ် ၂၆ I Irrawaddy II II** ထိုင်း၏ တနေ့အနည်းဆုံးဘတ် ၃၀၀ (ဒေါ်လာ ၁၀) လုပ်ခနှုန်းသည် ထိုင်းရှိနယ်ပြောင်းလုပ်သားများနှင့် အကြုံးမဝင်ကြောင်း။

**ဩဂုတ် ၂၆ I Mizzima II II** MWJA မြန်မာစာရေးသူနှင့် သတင်းလောက ထူးချွန်ဆုပေးပွဲတွင်ပါဝင်ရန် ဖိတ်ခေါ်မှုကို NLD ဦးဝင်းတင်မှ ငြင်းဆိုကြောင်း။

**ဩဂုတ် ၂၆ I Mizzima II II** ၂၀၁၃ တွင် ဂျပန်သည် ထိုင်းရှိ Umpeim မြန်မာဒုက္ခသည် စခန်းမှဒုက္ခသည် အချို့ကို ပထမအသုတ်အဖြစ် လက်ခံမည်ဟုဆို၏။ ဘယ်နှစ်ဦးလက်ခံမည်ကို မထုတ်ဖေါ်သေး။

**ဩဂုတ် ၂၆ I Mizzima II II** နောက်ထပ် ကင်းလွတ်ခွင့်ဖြင့် နိုင်ငံရေးအကျဉ်းသားများလွှတ်လာဖွယ်ရှိကြောင်းအစိုးရထိပ်သီးများမှ ကင်တားနားသို့ဆိုခဲ့ကြောင်း။

**ဩဂုတ် ၂၆ I DVB II II** ကမ်းလွန်ရေနံအကွက်ပေါင်း ၁၈ ကွက်အတွက် လေလံများရယူခဲ့ရာ၊ လေလံတင် နိုင်ငံခြားကုမ္ပဏီများသည် ပြည်တွင်း ဖက်စပ်လုပ်ငန်းများနှင့်ပူးပေါင်းလုပ်မည်ဟူသည့် သဘောတူမှတ်တမ်းများလည်း ရေးထိုးရမည်ဖြစ်ကြောင်း။

**ဩဂုတ် ၂၆ I DVB II II** မြန်မာအစိုးရသည် လူ့ အခွင့်အရေးကော်မတီဖွဲ့မည်ဖြစ်ကြောင်း၊ io Guterres မှ ထောက်ပြ၏။

**ဩဂုတ် ၂၆ I Sydney Morning Herald II II** မလေးရှားအစိုးရသည် မှီခိုနေသူ ဒုက္ခသည်များစွာအား မှားယွင်း၍ အမိနိုင်ငံသို့ ပြန်ရန် စာများပို့သဖြင့် အရှုတ်အထွေးနှင့် ကြောက်ရွံ့မှုပြဿနာများဖြစ်နေ၏။

**ဩဂုတ် ၂၆ I Irrawaddy II II** NLD သည် ဒီပဲယင်းရက်စက်မှုကို မြန်မာသို့လာရောက်ခဲ့သူ ကုလ၏လူ့အခွင့်အရေးအထူးသံအား ဦးစားပေးတင်ပြနိုင်ခဲ့ကြောင်း။ သူ ကုလသို့ပြန်ရောက်သည်နှင့် မြန်မာသို့ ဥပဒေကျွမ်းကျင်သူတဦးအား အမြန်ဆုံးစေလွှတ်ရန်ကြိုးပမ်းမည်ဟုလည်း ပြောဆိုခဲ့ကြောင်း။

**ဩဂုတ် ၂၅ I Irrawaddy II II** ကချင်ပြည်နယ်တွင် တိုက်ပွဲများဖြစ်နေရာ လောလောဆည်ကွတ်ခိုင်နှင့်မူဆယ်အကြားရှိနမ်းဖတ်ကာတွင် တိုက်ပွဲဖြစ်နေကြောင်း။

**ဩဂုတ် ၂၅ I Mizzima II II** နိုင်ငံရေးသမားများအရေးကို ကုလအထူးသံနှင့် အစိုးရအဖွဲ့ဝင် ဒီမိုကရေစီအင်အားစုပါတီ ၄ ခုမှ ဆွေးနွေးခဲ့၏။

**ဩဂုတ် ၂၅ I Mizzima II II** အပိတ်ခံထားရသော နိုင်ငံရေးပါတီလိုင်စင် အသက်ဝင်ရေးကိစ္စအတွက် NLD သည် ရှေ့နေများနှင့်ကြိုးပမ်းမည်။

**ဩဂုတ် ၂၅ I DVB II II** ယခုအချိန်သည် ဒုက္ခသည်များအား ထိုင်းမှပြန်ပို့ရန် အချိန်မဟုတ်သေးဟု ထိုင်းလူ့အခွင့်အရေးကော်မရှင်၏ လူနည်းစုရေးရာစသည့်ဆပ်ကော်မတီမှ ဒုဥက္ကဋ္ဌ Surapong Kongchantuk မှဆို၏။

**စာမျက်နှာ ၁၃ သို့**

# ဒေါ်အောင်ဆန်းစုကြည်နှင့် သမတဦးသိန်းစိန်တွေ့ဆုံမှု အဖွဲ့ချုပ်ထောက်ခံ

**VOA ၊ ဩဂုတ်လ ၂၂။** ။ မြန်မာပြည်သူလူထု အကျိုးစီးပွား အတွက် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အစိုးရသစ်နဲ့ဆက်ပြီး လက်တွဲလုပ်ဆောင်သွားမယ်လို့ ဒီနေ့ တနင်္လာနေ့မှာ NLD ကပြောဆိုလိုက်ပါတယ်။ ပြီးခဲ့တဲ့ သောကြာနေ့က ပထမ ဦးဆုံးအကြိမ် သမ္မတဦးသိန်းစိန်နဲ့တွေ့ဆုံခဲ့အပြီး ဒီနေ့ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဒေါ်အောင်ဆန်းစုကြည်က အစီရင်ခံတင်ပြခဲ့တာပါ။ ဒီလိုတင်ပြပြီးတဲ့နောက် NLD ပါတီက အခုလို ပြောဆိုလိုက်တာလည်း ဖြစ်ပါတယ်။ အပြည့်အစုံကို မသိဂီထိုက်က တင်ပြပေးထားပါတယ်။

ဩဂုတ်လ ၁၉ ရက်နေ့ နေပြည်တော်မှာ သမ္မတ ဦးသိန်းစိန်နဲ့ တနာရီလောက်တွေ့ဆုံ ဆွေးနွေးတာမှာ ပြည်သူလူထုအကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်နိုင်မယ့် ကိစ္စရပ်တွေကို အဓိကထားဆွေးနွေးခဲ့တယ်ဆိုပြီး ဒေါ်အောင်ဆန်းစုကြည်က ဒီနေ့တနင်္လာနေ့မှာ NLD ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို အစီရင်ခံခဲ့ပါတယ်။ ပါတီအလုပ်အမှုဆောင်အဖွဲ့က ဒေါ်အောင်ဆန်းစုကြည် သမ္မတနဲ့သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့တဲ့ အချက်အလက်တွေပေါ် သဘောတူကြောင်း ဒီနေ့ပဲ ကြေညာချက်ထုတ်ပြန်ပါတယ်။

နေပြည်တော်ကိုသွားရောက်ပြီး သမ္မတသစ်ဦးသိန်းစိန်နဲ့ တွေ့ဆုံဆွေးနွေးခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ကပြည်သူလူထုအကျိုးစီးပွားအတွက်အစိုးရသစ်နဲ့ရှေ့ဆက်ပြီး ပူးပေါင်းဆောင်ရွက်သွားဖို့နဲ့ တွေ့ဆုံဆွေးနွေးဖို့ ဆက်ပြီး ရှိနေတဲ့အကြောင်း ပါတီရဲ့ပြန်ကြားရေးမှူး ဦးအုန်းကြိုင် ပြောပြတာကတော့...

"နိုင်ငံနဲ့ ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးရှိစေမယ့် ဘုံအကျိုးစီးပွားများနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာ၊ ပူးပေါင်းဆောင်ရွက်မယ်ဆိုတာက တယောက်နဲ့တယောက် ဆက်လက်ပြီးတော့ လိုအပ်ရင် ဆွေးနွေးရမယ်၊ အတူလက်တွဲလုပ်ရမယ်ဆိုတာတွေက ဖော်ပြပြီးသားဖြစ်တယ်လို့ ကျနော်အဲဒီလိုပဲပြောချင်ပါတယ်။"

သမ္မတဦးသိန်းစိန်နဲ့တွေ့ဆုံ ဆွေးနွေးရာမှာ မတူညီတဲ့သဘောထား အမြင်တွေကို ဘေးဖယ်ထားပြီး တူညီတဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ့်ကဏ္ဍတွေကို ဦးတည်ဆွေးနွေးခဲ့တယ်လို့ ပါတီရဲ့ ပြန်ကြားရေးဌာနက ပြောပေမဲ့ ဆွေးနွေးမှု အသေးစိတ်ကို ထုတ်ဖော်မပြောပါဘူး။ ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ လုပ်ငန်းကဏ္ဍပေါင်းစုံမှာ အစိုးရသစ်နဲ့ ပူးပေါင်း လုပ်ဆောင်မှာဖြစ်တယ်လို့လည်း ပြောဆိုပါတယ်။

"ကဏ္ဍအားလုံးပါပဲ၊ ဖော်ပြထားပါတယ်၊ နိုင်ငံနဲ့ ပြည်သူလူထုအတွက်အမှန်တကယ်အကျိုးရှိစေမယ့်ဘုံအကျိုးစီးပွားဆိုတော့ကဏ္ဍအားလုံးကို ရည်ညွှန်းဖော်ပြတာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ လက်တွေ့ ဆောင်ရွက်စရာလုပ်ငန်းတွေ ရှိနေသေးတဲ့ အတွက်ကြောင့်အခုအချိန်မှာကျနော်တို့မပြောနိုင်သေးပါဘူး။ နောင် ကျနော်တို့ပြောသင့်ပြောအပ်တဲ့ အချိန်ကျရင်တော့ ထုတ်ဖော်ပြောဆိုမှာ ဖြစ်ပါတယ်။"

အခုလို ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံတော်သမ္မတဦးသိန်းစိန်တို့ တွေ့ဆုံတဲ့အပေါ်မှာ NLD ပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်တဦးဖြစ်တဲ့ ဦးဝင်းတင်ကတော့ အခုလို သုံးသပ်ပြောကြားပါတယ်။

"ဒေါ်အောင်ဆန်းစုကြည် အစီရင်ခံတယ်ဆိုတာက တွေ့ဆုံဆွေးနွေးရတဲ့ အခြေအနေကောင်းမွန်တယ်ဆိုတဲ့ သဘောလောက်ပဲ အစီရင်ခံနိုင်ပါတယ်။ အပြည့်အစုံ လုပ်ရမယ့်ကိစ္စတွေ ရှိနေတော့မပြောနိုင်သေးဘူးပေါ့။ အဲဒီတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ဦးသိန်းစိန်က လူကိုယ်တိုင်ကို တွေ့ရတယ်ဆိုတဲ့အခါကြတော့ အခြေအနေကတော့ အများကြီး ဆက်ပြီးတော့ ကောင်းမွန်သွားမယ်လို့ ကျနော်တို့ ယုံကြည်ပါတယ်။ ရှေ့လျှောက်ပြီးတော့လည်း နှစ်ဦးနှစ်ဘက် ဆက်ဆံရေးက အများကြီးကောင်းသွားမယ်လို့ ယုံကြည်ပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်ဟာ နေပြည်တော်မှာ သမ္မတဦးသိန်းစိန်နဲ့ တွေ့ဆုံအပြီး နောက်တနေ့ ဩဂုတ်လ ၂၀ ရက်နေ့မှာ စီးပွားရေးနဲ့ဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ခဲ့ပြီး အသင်းအဖွဲ့အသီးသီးက တင်ပြတဲ့ စီးပွားရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ စာတမ်းတွေကို စိတ်ဝင်စားတဲ့အကြောင်းနဲ့ အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေ၊ စီးပွားရေး လုပ်ငန်းရှင်တွေနဲ့တွေ့ဆုံခဲ့ရတဲ့ အတွက်လည်းကျေနပ်အားရဖြစ်မိတယ်ဆိုပြီး ဒီနေ့ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို အစီရင်ခံခဲ့ပါတယ်။

"စီးပွားရေးဖိုရမ်နဲ့ ပတ်သက်လို့ အခု ဒီမှာ ပြောတာကတော့စီးပွားရေးဖိုရမ်မှာ စာတမ်းတွေကို သူ အချိန်ရသလောက် တက်ရောက်ပြီးနားထောင်ခဲ့တယ်။ စာတမ်းတွေက စိတ်ဝင်စားဖို့ကောင်းပါတယ်လို့ ကျနော်တို့ကို အဲဒီလိုပြန်တင်ပြပါတယ်။ နောက်ပြီးတော့အဲဒီမှာလည်း Coffee Break ပေါ့ဗျာ၊ အားလပ်ချိန်ခဏမှာ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနဲ့ တော်တော်လေးကို ရင်းရင်းနှီးနှီးဆွေးနွေးပြောဆိုခဲ့တာတွေရှိပါတယ်တဲ့။ အဲဒါအတွက်လည်း သူအလွန်ကျေနပ်ဝမ်းသာမှုရှိပါတယ်လို့ ပြောပါတယ်။"

အစိုးရသစ်သမ္မတနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ဩဂုတ်လ ၁၉ ရက်နေ့က နေပြည်တော် သမ္မတအိမ်တော်မှာ တနာရီလောက် တွေ့ဆုံဆွေးနွေးမှု အသေးစိတ်ကိုတော့ နှစ်ဘက်လုံးက ထုတ်ဖော်ပြောကြားခြင်းမရှိပေမဲ့ အကျိုးရှိတဲ့ ဆွေးနွေးမှုဆိုပြီးတော့ နှစ်ဘက်စလုံးကပြောဆိုကြပါတယ်။

---

**စာမျက်နှာ ၂ မှ**

ဒီကော်မတီမှာ ဘယ်ပုဂ္ဂိုလ်တွေ ပါဝင်မယ်ဆိုတာတော့ မပြောနိုင်သေးဘူးလို့ ဆိုပါတယ်။ ဦးညဏ်ဝင်းကတော့ လွတ်လပ်တဲ့ လူ့အခွင့်အရေးကော်မတီတရပ်ရဲ့ ဖြစ်သင့်တဲ့အင်္ဂါရပ်တွေကို အကြံပြု ပြောကြားပါတယ်။

"လွတ်လပ်တဲ့ပုဂ္ဂိုလ်တွေ အနည်းငယ်နဲ့တော့ ကျနော်တို့ လူ့အခွင့်အရေးတွေကို ကာကွယ်နိုင်မှာမဟုတ်ဘူး။ ပြင်ပပုဂ္ဂိုလ်တွေ အများစု၊ ဌာနဆိုင်ရာနဲ့ ပူးတွဲပြီးတော့လုပ်မယ်ဆိုရင် နည်းနည်းအဓိပ္ပာယ်ရှိမယ်လေ။ အပြင်က နည်းနည်းလေးနဲ့တော့ အခုနလိုဌာနဆိုင်ရာတွေပါတဲ့အတွက် လုပ်ကိုင်ရကောင်းတယ် ဆိုပေမယ်လို့ ဌာနဆိုင်ရာပါတဲ့အတွက်ပဲ ချို့ယွင်းချက်တွေကို ဖုံးကွယ်ထားတာတွေ လည်း ဖြစ်နိုင်တာပေါ့ဗျာ။ ဒါ အပြန်အလှန် နှစ်ဘက်စဉ်းစားရမှာ။ ကျနော်ကတော့ လုံးဝလွတ်လပ်တဲ့ ဂုဏ်သရေရှိ လူကြီးများနဲ့ ဖွဲ့စည်းတဲ့ အဖွဲ့အစည်းမျိုးကိုပဲ လိုလားပါတယ်။"

# သတင်းတိုထွာဖတ်စရာ



## ဥရောပရုပ်ရှင်ပွဲတော်

ဥရောပရုပ်ရှင်ပွဲတော်ကို ကြပ်ပြေးနေပြည်တော်မှာ ကျင်းပမယ်လို့ဆိုပါတယ်။ ဗြိတိသျှ ပြင်သစ် အီတလီနဲ့ ဂျာမဏီနိုင်ငံတို့မှ ရုပ်ရှင်များ လာရောက်ပြသကြမှာဖြစ်ပါတယ်။ အောက်တိုဘာလကုန်မှာကျင်းပမယ့် ဒီရုပ်ရှင်ပွဲတော်ကို ဗြိတိသျှနိုင်ငံက ဦးစီးပြီး ၈ ရက်ကြာ ကျင်းပမယ်လို့သိရပါတယ်။ မနှစ်က ဥရောပရုပ်ရှင်ပွဲတော်ကို ရန်ကုန်မြို့မှာ အီတလီနိုင်ငံက ဦးစီးကျင်းပခဲ့တာဖြစ်ပါတယ်။ (Xinhua . 25 August-2011)

## ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာဆွေးနွေးမည်

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးတွေ ဆွေးနွေးရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး Mijarul Quayes ကို လာရောက်မယ်လို့ဆိုပါတယ်၊ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး နယ်စပ်လုံခြုံရေးနှင့် ရိုဟင်ဂျာဒုက္ခသည်များကိစ္စတာတွေ ဆွေးနွေးကြမယ်လို့ဆိုပါတယ်။ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနိုင်ငံဟာ ကီလိုမီတာ ၂၇၁ အရှည် နယ်ချင်းထိစပ်နေတာပါ။ မကြာခဏလည်း နယ်စပ်ပြဿနာဖြစ်တတ်ပါတယ်။ (The Daily Star . 25 August-2011)

## သူဌေးများ တန်းစီစောင့်ဆိုင်း

မြန်မာနိုင်ငံအစိုးရသည် တရားဝင်အစိုးရဖြစ်မဖြစ် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူများ တန်းစီစောင့်ဆိုင်းနေကြပါတယ်။ တကယ်လို့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးလိုက်မယ်ဆိုရင် IMF မှ ငွေလုံးငွေရင်းနဲ့ အကူအညီတွေပေးလာနိုင်ပါတယ်။ ကမ္ဘာ့စီးပွားရေးသမားများသည် မြန်မာနိုင်ငံပြန်လည်ထူထောင်ရေးမှာ အင်တိုက်အားတိုက်ပါဝင်ကူညီကြဖို့စိတ်စောနေကြပါတယ်လို့ နေရှင်းသတင်းစာ အာဘော်ကဆိုပါတယ်။ (The Nation. 24 August-2011)

## မြန်မာရွှေ ရာနှုန်းပြည့်မစစ်

မြန်မာရွှေများကိုဝယ်ပါက အသေချာစစ်ဆေးပြီးမှဝယ်ရန် ဘန်ကောက်ရွှေဆိုင်းက အချင်းချင်းသတိပေးနေကြပါတယ်။ တရားဝင်ရော တရားမဝင်ရော မြန်မာအလုပ်သမားတွေဟာ ရန်ကုန်ကပါလာတဲ့ ရွှေကို အမြတ်နည်းနည်းရတာနဲ့ထုတ်ရောင်းကြတာပါ။ မြန်မာရွှေက ၉၁ %– ၉၂ % သာ စစ်ပါတယ်။ ဘန်ကောက်မှာ ၁၀၀ %နဲ့၉၆ % စစ်တဲ့ ရွှေများကိုသာ အရောင်းအဝယ်လုပ်တယ်လို့ဆိုပါတယ်။ (Bangkok Post. 24 August-2011)

## နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပါ

နိုင်ငံရေးအကျဉ်းသားအားလုံးကို ချက်ခြင်းလွှတ်ပေးရန် ကုလလူ့အခွင့်ရေးအထူးသံ Tomas Ojea Quintana က ထပ်မံတောင်းဆိုလိုက်ပါတယ်။ မြန်မာနိုင်ငံ ၅ ရက်ခရီးစဉ်အပြီး သတင်းစာရှင်းလင်းပွဲမှာ အခုလိုတောင်းဆိုလိုက်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံတလွှား ထောင်အသီးသီးမှာ နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော် အကျဉ်းချထားခံရဆဲဖြစ်ပါတယ်။ ပြည်ဝင်ခွင့်ဗီဇာပေးတဲ့ သမတဦးသိန်းစိန်ကိုလည်း ကျေးဇူးတင်ကြောင်းပြောဆိုတယ်လို့သတင်းမှာဖော် ပြထားပါတယ်။ (AP , 26 August-2011)

## အိန္ဒိယ ရေတပ်ဗိုလ်ချုပ် နေပြည်တော်ရောက်

နေပြည်တော် သမတဦးသိန်းစိန်ဖိတ်ကြားချက်အရ အိန္ဒိယ ရေတပ်မတော် ဗိုလ်ချုပ် Nirmal Verma သည် ဒီကနေ့ သမတဦးသိန်းစိန်နှင့် နေပြည်တော်မှာ တွေ့ဆုံခဲ့တယ်လို့ သတင်းကဆိုပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မင်းအောင်လှိုင်ကလည်း လက်ခံတွေ့ဆုံဆွေးနွေးခဲ့တယ်လို့ဆိုပါတယ်။ ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ညွန့်တင်နဲ့လည်း တွေ့ဆုံခဲ့ကြောင်း သတင်းများက ဆိုပါတယ်။ (IANS , 26 August-2011)

## ကိုရီယားမှ ကျန်းမာရေးအကူအညီပေးမည်

ကျန်းမာရေးဆိုင်ရာကိစ္စရပ်များမှာ သုတေသနများပြုလုပ်နိုင်ရန် ကိုရီယားမှ မြန်မာလူထုအား အကူအညီပေးမယ်လို့ဆိုပါတယ်။ ကိုရီယားနိုင်ငံမှ ကုမ္ပဏီက အမေရိကန်ဒေါ်လာ ၃ သန်းကျော်ထည့်ဝင်ကူညီမှာဖြစ်တယ်လို့ New Light of Myanmar က ရေးပါတယ်။ ဆေးဘက်ဆိုင်ရာအကူအညီအဖြစ် နည်းပညာနှင့် လိုအပ်သောပစ္စည်းကရိယာများကို ပံ့ပိုးကူညီသွားမှာဖြစ်တယ်လို့ဆိုပါတယ်။ (Xinhua , 21 August-2011)

## ဗမာပြည်ရဲ့ ဂေါ်ဘာချော့ဗ်

လွန်ခဲ့သော အနှစ် ၂၀ က တိုင်းပြည်ပြုပြင်ပြောင်းလဲရေးကို ထူးထူးခြားခြားဆောင်ရွက်ခဲ့သူ ဆိုဗီယက်ယူနီယံမှ သမတ Mr.Gorbachev ကဲ့သို့ သမတဦးသိန်းစိန်ကို ခိုင်းနှိုင်းပြောဆိုလိုက်ပါတယ်။ သမတကြီး ဦးသိန်းစိန်အနေဖြင့် တိုင်းပြည်စနစ်တခုအပြောင်းအလဲအတွက် ထူးကဲစွာ Mr.Gorbachev ကဲ့သို့ လုပ်ဆောင်နိုင်လိမ့်မယ်လို့ မျှော်လင့်ကြောင်းဖြင့် သတင်းမှာဖော်ပြထားပါတယ်။ (Mizzima , 21 August-2011)

## ဗီယက်နန် ဗမာဆွေးနွေး

မြန်မာအစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံလိုသူတွေ ပိုမိုစိတ်ဝင်စားလာစေရန် နိုင်ငံရေးရာသီဉတုကို တိုးတက်မှုရှိလာအောင်လုပ်ဆောင်သင်တယ်လို့ ဗီယက်နန်က ဆိုပါတယ်။ အထူးသဖြင့် ရာဘာ၊ ကြံလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုအတွက် ကြိုးစားသင့်ကြောင့်၊ စိုက်ပျိုးရေးဝန်ကြီးမြင့်လှိုင်နဲ့အဖွဲ့နဲ့ ဗီယက်နန်စိုက်ပျိုးရေးဝန်ကြီး Cao Duc Phat တို့ ဟန္နိုင်းမှာ ဆွေးနွေးပွဲအပြီး အခုလိုပြောဆိုတာဖြစ်ပါတယ်။ (Việt Nam News , 23 August-2011)

# လူ့အခွင့်အရေး ကိုယ်စားလှယ် ကင်တားနားရောက်ရှိစဉ် တကိုယ်တော်ဆန္ဒပြ

**VOA ၊ ဩဂုတ်လ ၂၃ ။** ။ ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာကင်တားနားမြန်မာနိုင်ငံကို ရောက်နေတဲ့အချိန်နဲ့ကိုက်ပြီး ဒီနေ့မှာပဲ တွံတေးမြို့က နိုင်ငံရေးအကျဉ်းသားဟောင်းကျူရှင်ဆရာဦးအောင်ဖေဟာ အကျဉ်းသားဝတ်စုံ ဝတ်ဆင်ပြီးနိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးခြင်းသည် အရေးကြီးဆုံး လူ့အခွင့် အရေးဖြစ်သည်ဆိုတဲ့ဆိုင်းဘုတ်ကို ကိုင်ဆောင်ပြီး မြို့ပတ် ဆန္ဒပြခဲ့ပါတယ်။ အပြည့်အစုံကို ဗွီအိုအေထိုင်းအခြေစိုက် သတင်းထောက် မအေးအေးမာက တင်ပြပေးထားပါတယ်။

နိုင်ငံရေးတက်ကြွမှုတွေကြောင့် မကြာခဏ ထိန်းသိမ်းခံခဲ့ရတဲ့ တွံတေးမြို့က ကျူရှင်ဆရာဦးအောင်ဖေဟာ လူ့အခွင့်အရေး ကိုယ်စားလှယ်လာရောက်ချိန်မှာ နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးဖို့ တောင်းဆိုတဲ့အနေနဲ့ ဆန္ဒပြခဲ့တာဖြစ်ကြောင်း အခုလို ပြောပါတယ်။

"လူ့အခွင့်အရေးကိုယ်စားလှယ် တောမတ်စ်အိုဟေးကင်တားနားက မြန်မာပြည်ရောက်နေတဲ့အချိန်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို သူ သိချင်တယ်ပေါ့။ ရှိလား၊ မရှိလား လာရောက်စုံစမ်းတာတွေ ပါပါတယ်။ ကျနော် ဒါ မိမိရဲ့ဆန္ဒကို နိုင်ငံသားတယောက်အနေနဲ့ ထုတ်ဖော် ပြသခြင်းဖြစ်ပါတယ်။

"ဒီမနက် ၉ နာရီလောက်မှာ ကျနော် နိုင်ငံရေးအကျဉ်းသား ဝတ်စုံအပြာရောင်အပေါ်အပြာ၊အောက်အပြာဝတ်ဆင်တယ်၊ဝတ်ဆင်ပြီးတော့ ၃ ပေ၊ ၂ ပေ ဆိုင်းဘုတ်မှာ အပြာရောင် စာလုံးနဲ့ရေးတယ်၊ နိုင်ငံရေးအကျဉ်းသားများကို လွှတ်ခြင်းသည် အရေးအကြီးဆုံးသော လူ့အခွင့်အရေးဖြစ်သည်ဆိုပြီးတော့ အဲဒီစာကိုရေးတယ်၊ ရေးပြီးတဲ့အခါ ကျောက်တိုင်ကနေ စပြီးတော့ မြို့ထဲ လူစည်ကားတဲ့နေရာကိုပတ်ပါတယ်။

"ဈေးအပါအဝင်ပေါ့၊ကမ်းနားပိုင်း၊ရဲစခန်းရှေ့အပါအဝင်ကျနော် လျှောက်ပြီး ပတ်ပါတယ်။ လူထုက အကုန်လုံး ဝိုင်းဝန်းကြည့်ရှုပြီး အားပေးကြတာတွေ့ရတော့ အတော်ပီတိဖြစ်မိပါတယ်။ နောက်လူထုကလည်း နိုင်ငံရေးအကျဉ်းသားတွေလွှတ်ဖို့ သူတို့လိုလားကြတာကိုး။ SB တို့ ရဲတို့ နောက်ကနေ ဆယ့်လေးငါး ယောက်လောက်ဓာတ်ပုံလိုက်ရိုက်တာတွေ ရှိပါတယ်။"

ဦးအောင်ဖေဟာ မကြာခဏ ထိန်းသိမ်းခံရမှုတွေ ရှိခဲ့ပါတယ်။ ဒီတကြိမ် ထူးခြားတာကတော့ သူ့ကို အာဏာပိုင်တွေက ဓာတ်ပုံရိုက်တာမျိုးတွေကိုသာ လုပ်ခဲ့ပေမဲ့ ဖမ်းဆီးတာမျိုးတွေမလုပ်ခဲ့ဘူးလို့ဆိုပါတယ်။

"ကျနော့်အထင်တော့အခုဒေါ်အောင်ဆန်းစုကြည်နဲ့၊ကျနော်တို့အရင်တုန်းက တောင်းဆိုဖူးတယ်၊ အမျိုးသား ရင်ကြားစေ့ရေး၊ တွေ့ဆုံဆွေးနွေးရေးတောင်းဆိုဖူးတယ်။ အခု တွေ့ဆုံဆွေးနွေးရေးဆိုပြီး သူတို့ ခုတုံးလုပ်ထားတဲ့ လမ်းစကို လုပ်နေတဲ့ အခါကျတော့ ဒီလိုမျိုး ဖမ်းလိုက်မယ်၊ ထိန်းသိမ်းလိုက်မယ်ဆိုရင် ပြောစရာဖြစ်မှာ စိုးတာပေါ့။ အတုအယောင်ဒီမိုကရေစီပဲပေါ့၊ ဒီမိုကရေစီ လမ်းကြောင်းကိုလည်း သူတို့က ပျက်ယွင်းမှာစိုးရိမ်တဲ့အတွက် ဖမ်းဆီးတာ မလုပ်ဘူးလို့ ထင်တယ်။ ခါတိုင်းဆိုရင်တော့ ဒီအချိန်ဟာ ကျနော် ပြန်အဖမ်းခံရမယ့် အချိန်မျိုးပါပဲ။"

လက်ရှိမြန်မာအစိုးရနဲ့လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့တွေ့ဆုံမှုတွေဟာ ယုံကြည်ဖွယ်ရာမရှိဘူးလို့လည်း ဆိုလိုက်ပါတယ်။

"အလွယ်ဆုံး သုံးသပ်မယ်ဆိုရင်တော့ ဟန်ပြ ဒီမိုကရေစီကို သူတို့တွေက ဖန်တီးတာသိသာတယ်။ သူနဲ့ သမ္မတဦးသိန်းစိန်နဲ့ စကားပြောတဲ့အချိန်မှာ ဒေါ်စုက ဧည့်သည်တယောက်လို ဖိတ်ထားတာမျိုး၊ ဒါကျတော့ ကျနော်တို့သဘောမကျဘူး။ ဒေါ်စုက ကျနော်တို့ရဲ့ လူထုခေါင်းဆောင်ဖြစ်တယ်၊ ဒီလိုမျိုး ဒေါ်စုနဲ့ဆွေးနွေးတဲ့အခါမှာ ဧည့်သည်တယောက်အနေနဲ့ ဆွေးနွေးစရာအကြောင်းမရှိဘူး။ သူတို့ပြောတဲ့အတိုင်းပဲ ဒေါ်စုကို ဧည့်သည်တယောက်အနေနဲ့ သူက သွားတွေ့တဲ့သဘောမျိုးဖြစ်နေတယ်။ ကျနော်တို့ကလက်မခံပါဘူး၊ အခု အချိန်ထိပါပဲ။"

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလမှာ ကျရောက်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့မွေးနေ့မှာ သူနဲ့အတူကျောင်းသား ၃၀ ကျော် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့သီချင်းဆိုတာရယ်၊ လွတ်လပ်ရေးဖခင်ကြီး အကြောင်းဟောပြောလို့ဆိုပြီး သူဟာ ဖမ်းဆီးခံခဲ့ရပြီး အင်းစိန်အကျဉ်းထောင်မှာ ထောင်ဒဏ် ၃ နှစ်ချခံခဲ့ရပါတယ်။ ဒီနောက် ၂၀၀၈ ခုနှစ် မေလ ၂၇ ရက်နေ့မှာလည်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ရဲ့အိမ်ဘက်ကို ချီတက်လမ်းလျှောက်တဲ့ အတွက် ၁၄ ရက် ကြာ ထိန်းသိမ်းခံရပါတယ်။ ဒီနောက် သူ့ကို နေအိမ်ပတ်ဝန်းကျင် ကနေဘယ်မှမသွားရဘူးဆိုပြီး ခြေချုပ်လုပ်ထားတာကိုခံခဲ့ရပါတယ်။

ခြေချုပ်လုပ်ထားချိန်မှာပဲ ၂၀၀၉ ခုနှစ်မှာ ကျရောက်တဲ့ တော်လှန်ရေးနေ့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့မှာ စည်းဝိုင်းလုပ်ပြီး တကိုယ်တော်ဆန္ဒပြခဲ့ပါတယ်။ ဒီတကြိမ်မှာတော့ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးနဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေး တောင်းဆိုခဲ့ပြီး တပြည်လုံးက NLD ရုံးတွေ ပြန်ဖွင့်ပေးဖို့ တောင်းဆိုတဲ့အတွက် သာယာဝတီထောင်မှာ ထောင်ဒဏ် ၁ နှစ် ချခံခဲ့ရပါတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်ရှိပြီး နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးအတွက် နိုင်ငံတကာနဲ့ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာကင်တားနားတို့က မြန်မာအစိုးရကို တောင်းဆိုနေတာလည်းဖြစ်ပါတယ်။

---

**စာမျက်နှာ ၆ မှ**

နဲ့ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးရမယ်လို့ လူ့အခွင့်အရေးလှုပ်ရှားသူတွေရော အတိုက်အခံ ဒီမိုကရေစီရေးလှုပ်ရှားသူတွေကပါ တောင်းဆိုနေကြတာပါ။

အခုအတောအတွင်းမှာလည်း အစိုးရ ထိပ်ပိုင်းခေါင်းဆောင်တွေနဲ့အတိုက်အခံဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်တို့ အကြား တွေ့ဆုံမှုတွေ သမ္မတဦးသိန်းစိန်ရဲ့မိန့်ခွန်းတွေကြောင့် မကြာခင်မှာ နိုင်ငံရေးအကျဉ်းသားတွေ လွတ်လာလေမလားဆိုပြီး အများက မျှော်လင့်စောင့်ဆိုင်းနေကြတဲ့ အချိန်ကာလလည်း ဖြစ်ပါတယ်။

**ပြကွဒိန်မှ**

**ဩဂုတ် ၂၄ ၊ VOA ။ ။** ရန်ကုန်ရောက် ကုလအထူးသံ သောမတ်စ်ကင်တားနားသည် နိုင်ငံရေးအကျဉ်းသားအချို့နှင့်၄င်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့်၄င်း၊ တွေ့ဆုံခဲ့၏။

**ဩဂုတ် ၂၄ ၊ RGN-AP ။ ။** ကင်တားနား၏ နိုင်ငံရေးအကျဉ်းသားများနှင့်တွေ့သည့်ခရီးစဉ်သည် အားတက်စရာတခုဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှဆို၏။

**ဩဂုတ် ၂၄ ၊ AFP ။ ။** သမတဦးသိန်းစိန်သည်  စစ်မှန်သော ပြောင်းလဲမှုကို တကယ်လိုလားနေသည်ဟု ဒေါ်အောင်ဆန်းစုကြည်မှဆိုကြောင်း။

**ဩဂုတ် ၂၄ ၊ Nation ။ ။** မြန်မာတွင်ရင်းနှီးမြှုပ်နှံလိုသူ နိုင်ငံများပြားသော်လည်း မြန်မာအစိုးရသစ် ပိုမိုပြောင်းလဲရန် ကမ္ဘာ့မှဖိအားပိုပေးကြရန်လိုကြောင်း အယ်ဒီတာအာဘော်မှ တိုက်တွန်း၏။

**ဩဂုတ် ၂၄ ၊ Irrawaddy ။ ။** ပူထရာရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပူးပေါင်း၍ ဒုက္ခသည်များအား လက်ဗွေယူပြီး နေရပ်နိုင်ငံသို့ပြန်ရန် စာများပို့ခြင်းအတွက် မလေးရှားရှိ ကုလဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးအား ဒုက္ခသည်များအပေါ် သစ္စာမစောင့်မှုဖြင့် စွပ်စွဲကြကြောင်း။

**ဩဂုတ် ၂၄ ၊ Irrawaddy ။ ။** ဒေါ်အောင်ဆန်းစုကြည်နှင့် သမတဦးသန်းစိန်တို့မျက်နှာချင်းဆိုင် ဆွေးနွေးနေပုံများကို ယနေ့ထုတ်မြန်မာသတင်းဂျာနယ်ကြီးတိုင်းသည်ရှေ့မျက်နှာများမှ ဖေါ်ပြကြောင်း။

**ဩဂုတ် ၂၄ ၊ Mizzima ။ ။** မြန်မာစာစောင် သစ္စာဂျာနယ် True News သည် ခေါင်းကြီးပိုင်းတွင် မှားယွင်း၍ သမတဒေါ်အောင်ဆန်းစုကြည်ဟုရေးခဲ့၍ စာပေစိစစ်ရေးမှ အယ်ဒီတာဦးမျိုးညွန့်မောင်အား သတိပေးခဲ့ကြောင်း။

**ဩဂုတ် ၂၄ ၊ Mizzima ။ ။** နိုင်ငံရေးအကျဉ်းသားများအား လွှတ်ရန် လူနည်းစုပါတီ ရှစ်ခုမှ တောင်းဆို၏။

**ဩဂုတ် ၂၄ ၊ Mizzima ။ ။** ဗိုလ်မှူးကြီးကျော်ဇေယျာထွန်းဦးစီးသည့် ခမတ ၁၃၀ သည် မောင်တောင် ပလောင်သူပုန်ဟု ယူဆသဖြင့် ပလောင်ရွာသား အိုက်စံပိ (၂၇) အား ပစ်သတ်ခဲ့ပြီး အသုဘအတွင် ကျပ် ၅ ထောင်ပေးခဲ့ကြောင်း ပလောင်အမျိုးသမီးအဖွဲ့ PWO မှဆို၏။

**ဩဂုတ် ၂၄ ၊ DVB ။ ။** နောက်ဆုံး စစ်အစိုးရတက်လာသည်မှစ၍ လိုင်စင်ပိတ်ခံရသူ ၂၀ ဦးကျော်ခန့်ရှိ ရှေ့နေများသည် နံက်ဖန်တွင် သတင်းရှင်းပွဲပြုလုပ်ရန် စီစဉ်နေ၏။

**ဩဂုတ် ၂၄ ၊ DVB ။ ။** ပြည်မြို့တွင် အဖမ်းခံနေရသူများသည် ထောင်ဝင်စာတွေ့ခွင့်အပိတ်ခံနေရ၏။

**ဩဂုတ် ၂၃ ၊ AFP ။ ။** မြန်မာဆိုင်ရာ ကုလအထူးသံ ကင်တားနားသည် တတိယနေ့တွင် မြန်မာပါလီမန်သို့တက်ခဲ့ပြီး အစိုးရထိပ်သီးများနှင့်လည်းတွေ့ဆုံခဲ့၏။

**ဩဂုတ် ၂၇ ၊ RFA ။ ။** မြစ်ဆုံဆည်တည်ဆောက်မှုနှင့်ဧရာဝတီမြစ် ပျက်စီးမည့်စီမံကိန်းများ ရပ်တန့်စေရန် တောင်းဆိုမှုများကို မန္တလေး၊ ဟင်္သာတစသည့် မြို့များစွာတွင် စတင်ပြုလုပ်ကြောင်း။

**ဩဂုတ် ၂၆ ၊ RFA ။ ။** ICNL မှ ကြီးမှူးသည့်  STOCKHOLM မြို့တွင် ကျင်းပခဲ့သည့်လူထုအခြေပြုအဖွဲ့များနှင့် သက်ဆိုင်သော ဥပဒေများဆိုင်ရာညီလာခံသို့ NLD မှ ၂ ဦးတက်ရောက်ခဲ့ကြောင်း။

**ဩဂုတ် ၂၀ ၊ RFA ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် အစိုးရဖိတ်ကြားချက်ဖြင့် နေပြည်တော်သို့ ၂ ရက်ခရီးနှင်ပြီး ဩဂုတ် ၁၉ တွင် ဦးသိန်းစိန်နှင့်၄င်း၊ ၂၀ ရက်နေ့တွင် စီးပွားရေးဆွေးနွေးပွဲသို့  ခေတ္တတက်ရာက်ခဲ့၏။

**ဩဂုတ် ၂၅ ၊ RFA ။ ။** မြန်မာပြည်သူများ၏အရေးအတွက် သမတဦးသိန်းစိန်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည်ဟု ဒေါ်အောင်ဆန်းစုကြည်မှ  RFA သို့ ယနေ့ဆို၏။

**ဩဂုတ် ၂၃ ၊ AFP ။ ။** ဒေါ်အောင်ဆန်းစုကြည်နှင့် သမတဦးသိန်းစိန်တို့တွေ့ဆုံဆွေးနွေးခြင်းကိုကြိုဆိုပြီး ၂ ဖက်ဆက်လက်ကြိုးပမ်းရန် ကုလအတွင်းရေးမှူးချုပ်ဘန်ကီမွန်းမှ ဆို၏။

**ဩဂုတ် ၂၂ ၊ UPI ။ ။** မိမိတို့တဖွဲ့ ချင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် မြန်မာအစိုးရ၏ အဆိုကို ကေအင်ယူမှ လက်မခံဘဲ၊ သွေးခွဲ ဆွေးနွေးခြင်းဟု ဆို၏။

**ဩဂုတ် ၂၂ ၊ VOA ။ ။** သမတနှင့်တွေ့ ဆုံခဲ့မှုကို ဒေါ်အောင်ဆန်းစုကြည်သည် NLD နှင့် ဆွေးနွေး၏။

**ဩဂုတ် ၂၃ ၊ Irrawaddy ။ ။** ပြည်သူ့လွှတ်တော်သို့ စာရင်းအင်းရုံးမှ တင်ပြစာရင်းအရ ၂၀၁၀ – ၂၀၁၁ ဘတ်ဂျက်နှစ်တွင် မြန်မာနိုင်ငံသည် လိုငွေ ဒေါ်လာသန်း ၃.၂ ဘီလျံယံ (ကျပ် ၂.၂ ထရီလီယံ) ပြမည်ဖြစ်ကြောင်း။

**ဩဂုတ် ၂၃ ၊ Mizzima ။ ။** အမေရိကန်ဒေါ်လာဈေးသည် မြန်မာတွင် ဆယ်နှစ်အတွင်း အနိမ့်ဆုံးသို့ကျခဲ့၏။

**ဩဂုတ် ၂၃ ၊ Mizzima ။ ။** ကျွန်ုပ်တို့အား သူပုန်ဟုခေါ်ခြင်းဖြင့် အစိုးရသည် နိုင်ငံရေးဆွေးနွေးပွဲဖြစ်ရန် ပိုမို ခက်ခဲစေကြောင်း ကေအိုင်အိုမှဆို၏။

**ဩဂုတ် ၂၃ ၊ DVB ။ ။** ကရင်ပြည်နယ်ဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းနှင့် ပြည်သူစစ် နယ်ခြားစောင့်တပ်မှ ဗိုလ်ချုပ်မောင်မောင်အုံးတို့သည် ချုံခိုတိုက်ခိုက်ခံခဲ့ရသော်လည်း အသက်ဘေးမှလွတ်မြောက်နိုင်ခဲ့၏။

**ဩဂုတ် ၂၁ ၊ Channel NewswAsia ။ ။** ကုလအထူးသံ ကင်တားနားသည် တနှစ်အတွင်း မြန်မာသို့  ပထမဆုံးအကြိမ် ရောက်ခဲ့၏။

**ဩဂုတ် ၁၉ ၊ AP ။ ။** သမတဦးသိန်းစိန်နှင့် ယနေ့တွေ့ဆုံဆွေးနွေးပွဲအပေါ် ဝမ်းသာအားရကြောင်း ဒေါ်အောင်ဆန်းစုကြည်မှဆို၏။

**ဩဂုတ် ၂၁ ၊ DHARAMSHALA ။ ။** ထိုင်းရှိမြန်မာဒုက္ခသည် စခန်းများတွင် တိဘက်မှအဖွဲ့များသည် ဒီမိုကရေစီနှင့်ရွေးကောက်ပွဲ နမူနာများလက်တွေ့လုပ်ပြသင်တန်းပေးနေ၏။

**ဩဂုတ် ၁၉ ၊ S.Africa ။ ။** တောင်အာဖရိကသည် ငြိမ်းချမ်းရေးနိုဘဲလ်ဆုရှင် မဲန်ဒဲလားနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ပုံဖြင့် ဒင်္ဂါးများထုတ်လိုက်ကြောင်း။

**ဩဂုတ် ၂၂ ၊ Mizzima ။ ။** သမတဦးသိန်းစိန်၏ ပြည်ပရောက်မြန်မာနိုင်ငံရေးခိုလှုံသူများအား ပြည်တော်ပြန်ရန် ခေါ်မှုကြောင့် မြန်မာသို့အတင်းပြန်ပို့ခံရမည်လောဟု အချို့ဒုက္ခသည်များမှ စိုးရိမ်နေကြကြောင်း။

**ဩဂုတ် ၂၂ ၊ Mizzima ။ ။** ပြည်တွင်းစစ်များကို ယာယီအပစ်အခတ်ရပ်စဲရေးလုပ်ရန် ညီညွတ်သောတိုင်းရင်းသားများ ပြည်ထောင်စုကောင်စီ UNFC မှ သမတဦးသိန်းစိန်ထံ စုပေါင်းစာရေးပို့ ၏။

**ဩဂုတ် ၂၂ ၊ DVB ။ ။** ရွှေပိုက်လိုင်း စတင်ဂဟေဆက်ချင်းအထိန်းအမှတ်အဖြစ် တရုတ်အမျိုးသားဓါတ်ဆီကုမ္ပဏီ CNPC သည်  မန္တလေးတွင် ယခင်အပတ်က ကျင်းပ၏။

# ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးသိန်းစိန် ခေါင်းစဉ်ကြောင့် ဂျာနယ်တခု သတိပေးခံရ

**Mizzima ၊ ဩဂုတ်လ ၂၄ ။** ။ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်သော လူအများအာရုံစိုက်သည့် မျက်နှာဖုံးသတင်း ခေါင်းစဉ်ကြောင့် ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်ရေးမှ သစ္စာဂျာနယ်ကိုခေါ်ယူသတိပေးခဲ့သည်ဟု စာပေစိစစ်ရေးဌာနအရာရှိတဦးက ပြောသည်။

"နိုင်ငံတော်သမ္မတ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံ" ဟူသည့် သတင်းခေါင်းစဉ်ဖြင့် ဩဂုတ်လ ၂၁ ရက်နေ့တွင် ဖြန့်ချိသည့် သစ္စာဂျာနယ်မျက်နှာဖုံးတွင် ပါရှိခဲ့သည်။

"မြန်မာစာက အထားအသိုလွဲရင် အဓိပ္ပာယ်ပြောင်းသွားတာ ဖြစ်နိုင်တယ်လေ။ ဒါနဲ့ပတ်သက်ပြီး သူတို့ကို ခေါ်သတိပေးတာပါပဲ။ အရေးယူတာမျိုး မလုပ်ပါဘူး"ဟု အမည်မဖော်လိုသော စိစစ်ရေးအရာထမ်းက ပြောသည်။ စာပေစိစစ်ရေးဌာနက မဇ္ဈိမ၏ ဆက်သွယ်မေးမြန်းချက်ကို ဖြေကြားခြင်းမှာလည်း ပထမဆုံးဖြစ်သည်။

လူအများ အာရုံစိုက်သည့် မျက်နှာဖုံး သတင်း ခေါင်းစဉ်ကြောင့် သစ္စာဂျာနယ်ကို ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်ရေးမှ ခေါ်ယူသတိပေး ဂျာနယ်ဘက်ကမူ ယင်းသတင်းခေါင်းစဉ်ကို အထင်လွဲမှားစေရန် ထွင်ရေးခြင်းမျိုး မဟုတ်ပဲ သတင်းခေါင်းစဉ်ကို တိုတိုကျစ်ကျစ်နှင့် စာဖတ် ပရိသတ် သိမှတ်လွယ်စေရန် အတိုချုံ့ ရေးသားခဲ့ခြင်းသာ ဖြစ်သည်ဟု အယ်ဒီတာချုပ် ဦးမျိုးညွန့်မောင် က ပြောသည်။

" သတင်းခေါင်းစဉ်ကို တိုတိုကျစ်ကျစ်ဖြစ်အောင်လုပ်ထားတဲ့ သဘောပါပဲ၊ အဓိကကတော့ ပုံကိုပဲ အားယူထားတာပါ။ ခေါင်းစဉ်ကလည်း ရှည်ရင် ကျပ်သွားမှာစိုးလို့လေ" ဟု ဦးမျိုးညွန့်မောင်က မဇ္ဈိမကို ပြောသည်။သစ္စာဂျာနယ်က စာပေစိစစ်ရေးသို့ မူကြမ်းတင်စဉ်နှင့်ပုံနှိပ်ထုတ်ဝေရာတွင် ကွဲလွဲမှု အချို့ရှိခဲ့သည်ကိုလည်း သတိပေးပြောဆိုလိုက်သည်ဟုလည်း အထက်ပါ စိစစ်ရေးအမှုထမ်းက ပြောသည်။

သစ္စာသတင်းခေါ် True News ဂျာနယ်သည် သမ္မတဦးသိန်းစိန် အစိုးရ တက်လာပြီးနောက် "ဂျာနယ်တာဝန်ယူရန်" ဟု သတ်မှတ်ထားသည့် သတင်းကို ဖော်ပြမှုဖြင့် စာပေစိစစ်ရေး၏ ပထမဆုံးအကြိမ် ပိတ်ပင်မှု ခံခဲ့ရသည်။

ယင်းအပြင် ၂၀၀၈ ခုနှစ်ကလည်း ထိုင်းနိုင်ငံ၌ မြန်မာကလေးလုပ်သားတဦး အလုပ်လုပ်နေသည့် ဓါတ်ပုံအားဖော်ပြခဲ့သဖြင့် ၂ လ ပိတ်ပင်ခံခဲ့ရ ထုတ်ဝေခွင့် နှစ်ပတ်ပိတ်ပင်ခံခဲ့ရဖူးသည်။

ယခင်က ပြည်တွင်းဂျာနယ်များတွင် ဒေါ်အောင်ဆန်းစုကြည်၏ ပုံများအားဖော်ပြခွင့်ကန့်သတ်ချက်များရှိသော်လည်း ဩဂုတ်လ ၁၉ ရက်နေ့နောက်ပိုင်းတွင် သမ္မတဦးသိန်းစိန်နှင့်တွေ့ဆုံသည့်ပုံများ အပါအဝင် ဒေါ်အောင်ဆန်းစုကြည်၏ ဓါတ်ပုံနှင့်သတင်းများအပေါ် ကန့်သတ်ချက်ကို လျော့ချပေးခဲ့သည်။

ယင်းသို့ ဖော်ပြခွင့်ပြုခဲ့ခြင်းသည် မီဒီယာ ခေတ်ရေစီးကြောင်း အရလမ်းဖွင့်ပေးရခြင်းဖြစ်သည်ဟုစိစစ်ရေးတာဝန်ရှိသူကပြောသည်။

"ကျနော်တို့ သွားနေတာကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီစာပေလွတ်လပ်ခွင့်နဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲ လာတာပဲ။ တဘက်ကလည်း စာပေခေတ်ရေစီးကြောင်းအရလည်း ဖွင့်ပေးလာရတာပဲ" ဟု သူကပြောသည်။

အစိုးရသစ် သမ္မတဦးသိန်းစိန်၏ ပထမဆုံးမိန့်ခွန်းတွင် စတု တ္ထမဏ္ဍိုင်ဖြစ်သည့် စာနယ်ဇင်းများ၏ အခန်းကဏ္ဍကို အလေးထား ဖို့လိုအပ်ကြောင်းနှင့် စာနယ်ဇင်းများမှတဆင့် ပြည်သူများ သိသင့်အချက်များကို အသိပေးသွားဖို့လိုသလို ထိုစာနယ်ဇင်းများ၏ အပြုသဘောဆောင် အကြံပြုချက်များကိုလည်း အလေးထားဖို့လိုအပ်ကြောင်းပြောဆိုထားသည်။

မီဒီယာ လွတ်လပ်ခွင့်ကို ရေးရှုသည့် ခြေလှမ်းတရပ်အနေဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက သတင်းမီဒီယာများ၏ဝေဖန်အကြံပြုမှုကို ခံယူသွားမှာဖြစ်ကြောင်း ဩဂုတ်လ ၂၂ ရက်နေ့ပြန်လည်စတင်သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်၏ ဒုတိယ ပုံမှန်အစည်းအဝေးတွင် ပြောသွားသည်။ ထိုနေ့ လွှတ်တော် အစည်းအဝေးများတွင် မီဒီယာများကို ပထမဆုံးအကြိမ်အဖြစ် စတင်သတင်းယူခွင့်ပြုခဲ့သည်။

---

# ဒေါ်လာဈေးကျဆင်း စိုးရိမ်သူများပြား

**RFA ၊ ဩဂုတ်လ ၂၃ ။** ။မနေ့ကနိုင်ငံခြားငွေလဲလှယ်နှုန်းအရ အမေရိကန် တဒေါ်လာကို မြန်မာငွေ (၆၉၀) ကျပ်ဈေးပေါက်တယ်လို့ သိရပါတယ်။

Export Earning လို့ခေါ်တဲ့ ပို့ကုန်ရငွေကတော့ မနေ့က ပိတ်ဈေး တစ်ဒေါ်လာကို (၇၂၀) ကျပ်နဲ့ FEC လဲလှယ်နှုန်းကတော့ တစ်ဒေါ်လာကို ၆၃၅ ကျပ်နှုန်း ဖြစ်သွားပါတယ်။

ဒေါ်လာဈေးနှုန်းတန်ဖိုး ကျပ် ၇၀၀ အောက်ကို ကျဆင်းသွားတာကြောင့် ကုန်သည်လုပ်ငန်းရှင် တချို့လုပ်ငန်းတွေ ရပ်ဆိုင်းဖို့စဉ်းစားနေတယ်လို့ရန်ကုန်မြို့ ကုမ္ပဏီလုပ်ငန်းရှင်တဦးက ပြောပါတယ်။

အလုပ်လုပ်တိုင်း ရှုံးနေသလို ဖြစ်နေတဲ့အတွက်တရုတ်တန်းဘက်က ကုန်သည်ကြီးတွေက အလုပ်ရပ်ဆိုင်းပြီး စောင့်ကြည့်နေကြကြောင်း၊ ပို့ကုန်လုပ်ငန်းတွေ တက်လာအောင် အခွန်လျှော့ တာဖြစ်တဲ့အတွက် ကုန်စည်ခေတ္တ ပြန်တက်လာပေမဲ့ ဒေါ်လာဈေးကျတဲ့ အတွက် ပို့ကုန်သမားတွေက မဝယ်နိုင်တော့ဘဲ ဈေးပြန်ကျသွားတယ်လို့သူက ပြောပြပါတယ်။

မြန်မာနိုင်ငံရဲ့ဈေးကွက်စီးပွားရေးမှာ တရားမဝင် ငွေကြေးစီးဆင်းမှု အရှိန်အဟုန်ကြီးမားနေတာကြောင့် ဈေးကွက်မှာ ဖြစ်နိုင်မယ့် အလားအလာတွေကို တရားဝင်လုပ်ငန်းရှင်တွေဘက်က ခန့်မှန်းတွက်ဆရ ခက်နေတယ်လို့လည်း စောစောက ကုမ္ပဏီပိုင်ရှင်က ပြောပါတယ်။ အထူးသဖြင့် သွင်းကုန်၊ ပို့ကုန်လုပ်ငန်းတွေမှာ အခြေအနေတွေ တဖြေးဖြေးဆိုးရွားလာနေတာကို လုပ်ငန်းပိုင်ရှင်တွေ အတော်လေး စိုးရိမ်နေကြပါတယ်။

အစိုးရဘက်က ပို့ကုန်အခွန်ငွေတွေ နှစ်ရာခိုင်နှုန်းအထိလျှော့ချပေးတာ၊ နိုင်ငံခြားပိုက်ဆံကရတဲ့ အခွန်ငွေလျှော့ပေးတာ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းပြုပြင်ပြောင်းလဲဖို့ကြိုးစားနေတာတွေ ဆောင်ရွက်နေပါတယ်။ ဒါပေမယ့် အခုလိုစီးပွားရေးတရှိန်ထိုး ကျဆင်းလာတာကို ဖြေရှင်းဖို့ဆိုရင် နိုင်ငံရေးအပါအဝင် အကြောင်းရင်း ရောဂါ ဇစ်မြစ်တွေကို ဖြေရှင်းနိုင်မှ ပြေလည်မယ်လို့ ပြည်တွင်း စီးပွားရေးလုပ်ငန်းရှင်တွေက ပြောဆိုနေပါတယ်။

# အင်းစိန်ထောင်အခြေအနေ တိုးတက်လာဟု ကုလလူ ကင်တားနားပြောဆို

**Mizzima ၊ ဩဂုတ်လ ၂၄ ။** ။ အင်းစိန် အကျဉ်းထောင်တွင်းအခြေအနေများတိုးတက်မှုရှိလာကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ် သောမတ်စ်အိုဂျေကွင်တားနားက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များနှင့်တွေ့ဆုံရာတွင် ပြောဆိုခဲ့တယ်လို့ ပါတီဗဟိုကော်မတီဝင် ဦးဝင်းတင်က ပြောပါတယ်။

"အကျဉ်းသားလွတ်ရေးကိစ္စပြောတော့ သူက အကျဉ်းဌာနတွေကို သူလိုက်ကြည့်ခဲ့ပါတယ်တဲ့၊ အကျဉ်းသားတွေရဲ့ အခြေအနေတွေ ခါတိုင်းထက် တိုးတက်တာမြင်ပါတယ်တဲ့၊ အထူးသဖြင့် အင်းစိန်ထောင်မှာတိုးတက်မှုတွေတွေ့ခဲ့တယ်၊ ခါတိုင်းအခြေအနေထက်အများ ကြီး တိုးတက်လာတယ်လို့ အကျဉ်းသားတွေကိုယ်တိုင်ကလည်း ပြောပါတယ်တဲ့" ဦးဝင်းတင်က ပြောပါတယ်။ မစ္စတာကွင်တားနားနှင့် ပါတီ၏ ဗဟိုကော်မတီဝင်များ ရန်ကုန်မြို့တက္ကသိုလ်ရိပ်သာလမ်းရှိဒေါ်အောင်ဆန်းစုကြည်နေအိမ်မှာ ဗုဒ္ဓဟူးနေ့ ညနေ ၃ နာရီခွဲမှာ စတင်တဲ့ နာရီဝက်ကြာ ဆွေးနွေးစဉ်အတွင်း ပြောသွားခဲ့ခြင်းဖြစ်တယ်လို့ဆိုပါတယ်။ ဆွေးနွေးမှုမှာ NLD ဒုဥက္ကဋ္ဌဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်၊ ဦးညဏ်ဝင်း၊ ဦးသောင်းထွန်း၊ ဦးဟံသာမြင့်၊ ဦးအုန်းကြိုင်၊ ဦးလှဖေ၊ ဦးဝင်းမြင့် နှင့် ဒေါ်မေဝင်းမြင့်တို့ တက်ရောက်ခဲ့သည်။

ဆွေးနွေးမှုအတွင်း မြန်မာ့နိုင်ငံရေးတွင် အခြေအတင်ဖြစ်စေတဲ့ အကြောင်းတရပ်ဖြစ်သော နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး ကိုမူ ကုလသမဂ္ဂအထူးကိုယ်စားလှယ်လည်း ရေရေရာရာမပြောနိုင်လို့ ဦးဝင်းတင်က ပြောပါတယ်။ "အထဲကလူတွေ လွတ်လာရင် ဆူဆူပူပူပြန်လုပ်မှာကို ဒီအစိုးရက စိုးရိမ်နေလို့ လွှတ်ဖို့ကိစ္စ တုံ့ဆိုင်းနေတယ်" လို့သူကသုံးသပ်ပါတယ်။

ပြည်ပအခြေစိုက် နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)က ထုတ်ပြန်ခဲ့သော မေလ အထိစာရင်းအရ အင်းစိန်အကျဉ်းထောင်တခုထဲတွင်ပင် နိုင်ငံရေးအကျဉ်းသား ၄၀၀ ရှိသည်။

NLD ဗဟိုကော်မတီများနှင့် တွေ့ဆုံမှုမတိုင်ခင်ကလည်း မစ္စတာကွင်တားနားနှင့် ဒေါ်အောင်ဆန်းစုကြည်တို့နာရီဝက်ကြာ သီးခြားတွေ့ဆုံခဲ့သေးသည်။ သို့သော် NLD နှင့် ကွင်တားနာတို့ တွေ့ဆုံမှုအသေးစိတ်ကိုမူ ထုတ်ဖော်ပြောဆိုခြင်း မပြုသေးပါ။ တွေ့ဆုံမှုအပြီး သတင်းထောက်များနှင့်တွေ့ဆုံရာမှာ ဒေါ်အောင်ဆန်းစုကြည်က မစ္စတာကွင်တားနားအပေါ် "မြန်မာနိုင်ငံရဲ့ လူမှုရေးအခြေအနေကို ကောင်းမွန်အောင် လုပ်ပေးချင်တဲ့စိတ်တကယ့် စေတနာလည်းရှိတယ် ဒီဟာက သူအင်မတန်မှ ကျွမ်းကျင်တဲ့ကိစ္စရပ် လည်းဖြစ်လို့ သူ့ကိုတွေ့ရတာ အင်မတန်မှအားလည်းတက်တယ်။ သူဟာ အင်မတန်မှ အားကိုးရမယ့် သူတယောက်လို့လည်း မြင်တယ်"လို့ ပြောပါတယ်။

ကိုယ်စားလှယ်တော်ဟာ ရန်ကုန်မြို့ရှိ အင်းစိန်အကျဉ်းထောင်သို့ မနက်အစောပိုင်းမှာ သွားရောက်လေ့လာခဲ့သေးတယ်။ နံနက် ၈ နာရီခွဲခန့်တွင် အင်းစိန်အကျဉ်းထောင်သို့ ရောက်ရှိခဲ့ပြီး ၁ နာရီခွဲခန့်တွင် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း အကျဉ်းဦးစီးနှင့်နီးစပ်တဲ့သတင်းရပ်ကွက်တခုက ပြောပါတယ်။

"သူရောက်လာတဲ့အချိန်က အကုန်လုံးတန်းစီပြီးတော့ အဆောင်တွေ၊ တိုက်တွေ၊ တံခါးပိတ်ထားတယ်၊ ဘယ်မှမသွားရဘူး။ ထမင်းစာချိန်တောင်မပေးဘူး။ မလာခင်တပတ်လောက်ကတည်းက ဆေးတွေသုတ် ထုံးတွေသုတ်၊ သန့်ရှင်းရေးတွေလုပ်ထားပြီးသား၊ဒီကနေ့ ဟင်းတွေလည်း အတန်အသင့်ကောင်းတယ်။"လို့ အဆိုပါ သတင်းရပ်ကွက်က ပြောပါတယ်။

ကုလလူ့အခွင့်အရေးအရာရှိက သူ့ခရီးစဉ်နှင့် ပတ်သတ်ပြီး ကြာသပတေးနေ့တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီးနောက် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမှာဖြစ်ပါတယ်။

---

# ဥပဒေပြင်ဖို့ ကင်တားနားတိုက်တွန်း

**RFA ၊ ဩဂုတ်လ ၂၃ ။** ။ မြန်မာနိုင်ငံမှာ ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေကို လူ့အခွင့်အရေးနဲ့ ကိုက်ညီအောင် ပြုပြင်ဖို့ လိုအပ်ကြောင်း နေပြည်တော်မှာ ရောက်ရှိနေတဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်မစ္စတာကင်တားနားက လွှတ်တော်ခေါင်းဆောင်တွေကို ဒီကနေ့ တိုက်တွန်း ပြောကြားလိုက်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနဲ့ လွှတ်တော်ကော်မတီ (၁၂) ခုက ဥက္ကဋ္ဌတွေနဲ့ ဒီကနေ့ မနက်ပိုင်းက တွေ့ဆုံခဲ့ရာမှာအခုလို တိုက်တွန်းခဲ့တာဖြစ်တယ်လို့ အမျိုးသားလွှတ်တော် အစိုးရရဲ့အာမခံချက်များ၊ ကတိကဝတ်များနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောပါတယ်။

"လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ကိစ္စတွေပါ။ တည်ဆဲဥပဒေတွေကိုပြုပြင်ပေးဖို့။ လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ ဥပဒေတွေကို လွှတ်တော်က တတ်နိုင်သလောက်လုပ်ပေးဖို့။ လက်ရှိဥပဒေတွေမှာ လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ ကဏ္ဍလေးတွေမှာ ပြုပြင်သင့်တဲ့ ဥပဒေတွေကိုပြုပြင်သွားဖို့ ပြောတယ်။ ပြီးတော့ လွှတ်တော်နစ်ကြိမ် အောင်မြင်စွာကျင်းပတာကို ဝမ်းသာတဲ့အကြောင်းလဲ ပြောပါတယ်"

လွှတ်တော်ခေါင်းဆောင်တွေ ဘက်ကလည်း လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ ကော်မတီအပါအဝင် လွှတ်တော်အတွင်း ကော်မတီတွေ ဖွဲ့စည်းထားပြီး အခြေအနေတွေကို မစ္စတာကင်တားနားကို ပြန်လည်ရှင်းပြခဲ့ကြတယ်လို့ သိရပါတယ်။

မစ္စတာ ကင်တားနားနဲ့ အမျိုးသားလွှတ်တော် ခေါင်းဆောင်တွေ တွေ့ဆုံပွဲရှိတာကြောင့် မနက်ပိုင်းမှာ ကျင်းပဖို့ စီစဉ်ထားတဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးကို နေ့လည်တနာရီမှာ ပြောင်းရွှေ့ကျင်းပခဲ့တယ်လို့ သိရပါတယ်။

ဒီကနေ့ အမျိုးသားလွှတ်တော်မှာ ကျန်းမာရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေတွေ ပြဋ္ဌာန်းဖို့ မူကြမ်း အဆိုတင်သွင်းမှုတွေရှိခဲ့ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးတွေက ပြန်လည် ရှင်းလင်းခဲ့ကြ တယ်လို့သိရပါတယ်။

# တိုင်းမှူးနှင့် စစ်တပ်အရာရှိ ယာဉ်တန်းကို ဒီကေဘီအေက ခြုံခိုတိုက်ခိုက်

**Mizzima ၊ ဩဂုတ်လ ၂၂ ။** ။ အစိုးရ စစ်တပ်ထိပ်တန်းအရာရှိကြီးသုံးဦးပါသည့် ယာဉ်တန်းကိုတိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော်- DKBA က ကရင်ပြည်နယ်၊မြဝတီ မြို့နယ်အတွင်း ပြောက်ကျားစနစ်ဖြင့်တိုက်ခိုက်ခဲ့သည်ဟုဒေသတွင်းလုံခြုံရေးအသိုင်းအဝိုင်းကပြောသည်။ မိုင်းခွဲ တိုက်ခိုက်ခံလိုက်ရသည့် ယာဉ်တန်းပေါ်တွင် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြား ရေးမှူးဗိုလ်ချုပ်မောင်မောင်အုန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဗိုလ်မှူးချုပ် ဇော်မင်းတို့ပါဝင်သည်။

၎င်းတို့က အစိုးရသြဇာခံနယ်ခြားစောင့်တပ် အဖြစ်ခံယူထားသည့် ဗိုလ်မှူးကြီးစောချစ်သူဦးဆောင်သည့် DKBA တပ်ဖွဲ့၏ မြဝတီခရိုင်၊ ရွှေကုက္ကိုရွာတွင် ဩဂုတ်လ ၂၀ ရက်နေ့က ပြုလုပ်သော နယ်ခြားစောင့်တပ် တနှစ်ပြည့်အခမ်းအနားသို့တက်ရောက်ပြီး အပြန် သဃ်န်းညီနောင်ရွာနှင့် ဒေါနတောင်တန်းအကြားရှိ ခလရ- ၃၅၅ နှင့် ၃၅၆ တို့အနီးတွင် DKBA ပြောက်ကျားတပ်များက ချောင်းမြောင်းတိုက်ခိုက်ခဲ့သည်ဟု မြဝတီရဲစခန်းအရာရှိတဦးကပြောသည်။

အစိုးရစစ်တပ်ထိပ်တန်းအရာရှိကြီးသုံးဦးပါသည့်ယာဉ်တန်းကို တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော်- DKBA က ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်သည်ဟု လုံခြုံရေးအသိုင်းအဝိုင်းက ပြောသည်။

ယာဉ်တန်းထဲတွင် စစ်အရာရှိကြီးများ၊ ကရင်ပြည်နယ်နယ်ခြားစောင့်တပ်-BGF နှင့် ရဲတပ်ဖွဲ့ဝင်များပါသည့် မော်တော်ယာဉ် ၇ စီးခန့် တန်းစီသွားကြစဉ် စစ်တပ်အရာရှိများ ပါဝင်သည့် ယာဉ်ကို ပစ်မှတ်ထား ရွေးတိုက်ခိုက်ခဲ့ရာ အရာရှိကြီးများမထိခိုက်ဘဲ လုံခြုံရေးတာဝန်ယူလိုက်ပါခဲ့သူ စစ်သားသုံးဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း အဆိုပါရဲအရာရှိ ကပြောသည်။

"ရွှေကုက္ကိုက အပြန်မှာ ကားလမ်းဘေးကနေ ကပ်ပြီးလုပ်သွားတာခံလိုက်ရတာပါ။ လူကြီးတွေတော့ မထိပါဘူး။ တပ်ဘက်က လုံခြုံရေးတာဝန်ယူတဲ့ ၃ ယောက် ဒဏ်ရာရသွားတာပါ" ဟု အဆိုပါရဲအရာရှိက ပြောသည်။ ယခင်က မြဝတီမြို့နယ်အတွင်း ယခုကဲ့သို့ တိုက် ခိုက်ခံရမှုဖြစ်ပွားပါက မြဝတီရဲစခန်းက သွားရောက်၍ အကူအညီများပေးရသော်လည်းယခုတကြိမ်တွင်မူဒဏ်ရာရသူများကိုယင်းယာဉ်တန်းဖြင့် တပါတည်း သယ်ဆောင်သွားခဲ့သလို မြဝတီရဲစခန်းကိုလည်း အကူအညီတောင်းခံခြင်း အကြောင်းကြားခြင်းမရှိခဲ့ဟု ဆိုသည်။

"အရင်တုန်းက ဒီလိုမျိုးဖြစ်ရပ်တွေမှာ ကျနော်တို့သွားပြီး အကူအညီပေးတာတို့ ဒီမြဝတီဆေးရုံပို့ပေးတာတို့ လုပ်ပေးရပါတယ်။ ဒီတခါတော့ ကျနော်တို့လုပ်ပေးစရာမလိုဘူး။ ဒဏ်ရာရတဲ့ လူတွေကိုလည်း သူတို့ပဲ သယ်သွားတာ။ ဒီဆေးရုံလာမပို့ပါဘူး" ဟု သူက ဆက်ပြောသည်။ DKBA ကမူ စစ်တပ်ဘက်မှ သေဆုံးသူ ၃ ဦး ရှိသည်ဟု ဆိုသည်။ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် စစ်ဗိုလ်ချုပ်များပါဝင်သော ယာဉ်တန်းဖြတ်သန်းမည့် သတင်းကို ကြိုသိသဖြင့် DKBA အမှတ် ၉၀၇ တပ်ရင်းမှပြောက်ကျားစနစ်ဖြင့် စီစဉ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုက်ခိုက်မှုတွင် အခြား ၂ ဦး ဒဏ်ရာရရှိသွားကြောင်း ၉၀၇ တပ်ရင်းမှူး ဗိုလ်မှူးမောင်ကြာ က ပြောသည်။

"ကျနော်တို့ကတော့ ဆွဲမိုင်းနဲ့ စစ်တပ်ကားကို အဓိကပစ်မှတ်ထားတိုက်တာ။ ကျနော်တို့ရတဲ့ အတွင်းသတင်းအရ ၃ ယောက် သေပြီး ၂ ယောက်ဒဏ်ရာရသွားတာ သေချာတယ်။ ဘယ် အဆင့်တွေလည်းဆိုတာ သေချာမသိရသေးဘူး" ဟု ဗိုလ်မှူးမောင်ကြာက မဇ္ဈိမကိုပြောသည်။

DKBA ပြောက်ကျား တပ်ဖွဲ့များက စစ်ယာဉ်တန်းအလာကို ကားလမ်းဘေးမှ စောင့်ဆိုင်း ပစ်ခတ်ခဲ့ပြီးနောက် တောထဲသို့ ချက်ချင်းနောက်ဆုတ်ခဲ့ပြီး ယာဉ်တန်းတွင် ပါဝင်လိုက်ပါလာသည့် လုံခြုံရေး အဖွဲ့များကလည်း နောက်မှ တရစပ် နောက်မှ ပစ်ခတ်ခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။ သို့သော်လည်း ပစ်ခတ်ပြီး ထွက်ပြေးခဲ့ကြသည့် ပြောက်ကျားအဖွဲ့များမှ ထိခိုက်မှု မရှိခဲ့ဟု ဆိုသည်။

မြဝတီ ကားကြီးဝင်းရှိ ဂိတ်မှူးတဦးကလည်း DKBA တို့၏ ခြုံခိုတိုက်ခိုက်မှုကြောင့် ယာဉ်တန်းပေါ် လိုက်ပါလာသည့် စစ်တပ်မှ အရာရှိ သုံးဦး သေဆုံးသွားသည်ဟု ကော့ကရိတ်မြို့နယ်ဘက်မှ လာသော အစိုးရသတင်းရပ်ကွက်မှ ကြားသိရကြောင်း ပြောသည်။ ယင်းနေ့တွင် ကားလမ်းအဆင်းရက်ဖြစ်သော်လည်း တိုင်းမှူး ခရီးစဉ်ရှိသဖြင့် ခရီးသည် ကားများကို အရပ်ခိုင်းထားခဲ့ရသည်ဟု သိရသည်။

ဗိုလ်နှုတ်ခမ်းမွေး (ခေါ်) စောလားပွယ် ဦးဆောင်သော ဒီကေဘီအေ တပ်ဖွဲ့များသည် အစိုးရက နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးတွင် လက်မခံပဲ ကရင်အမျိုးသားအစည်းအရုံး KNU နှင့် ပူးပေါင်းကာ အစိုးရအား ခုခံတိုက်ခိုက်နေသည်။

၂၀၁၀ ခုနှစ် ဩဂုတ်လဆန်းပိုင်းကလည်း ကော့ကရိတ်မြို့မှ မြဝတီအသွား ဒေါနတောင်တန်းအနီးတွင် စစ်ဆင်ရေး အထူးအဖွဲ့မှူး ဒုဗိုလ်ချုပ်ကြီးခင်ဇော် လိုက်ပါလာသော ကား ၁၀ စီးခန့်ပါသည့် ယာဉ်တန်းကို KNU ပြောက်ကျား တပ်ဖွဲ့များက ပစ်ခတ်ခဲ့သဖြင့် အနည်းဆုံး စစ်သားတဦး သေဆုံးသွားခဲ့သည်။

---

ကိုယ့်နိုင်ငံကို ချစ်ပါ၊ ဗမာတွေဟာ လူဖျင်းတွေ၊ လူကြောက်တွေ၊ လူပိုတွေ၊ လူရိုင်းတွေ၊ လူ့ဂွစာတွေ၊ လူ့မတရားတွေလို့ ကမ္ဘာ့ အထင်ခံရအောင်မလုပ်ပါနဲ့။

ဗမာတွေဟာ ဒီလိုမဟုတ်ဘူးဆိုတာ အလုပ်လုပ်ပြီး ဂုဏ်ယူကြပါ။

**ဗိုလ်ချုပ်အောင်ဆန်း**

# ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး

ခင်မမမျိုး

**ယခင် အပတ်အဆက်**

ဒီအချက်အလက်တွေအပြင် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးသူတွေကို မိမိပိုင်လယ်ယာမြေအနည်းငယ်ကို ထွန်ယက်စိုက်ပျိုးသူများ၊ အခြားသူများပိုင်ဆိုင်သော လယ်ယာမြေများကို ငှားရမ်းပြီး ထွန်ယက်စိုက်ပျိုးသူများ၊ farm sector နှင့် non-farm sectors များတွင် အလုပ်လုပ်ကိုင်နေရသော မြေယာမဲ့ အလုပ်သမားများနဲ့အမျိုးသမီးများစတဲ့ အုပ်စုကြီး လေးမျိုးခွဲခြားပြီး၊ အုပ်စုတ ခုချင်းစီအလိုက် သင့်လျော်မယ့် မူဝါဒတွေကို ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။

(၂) Land Inequality လျှော့ချခြင်း

မြေယာမဲ့ခြင်းနဲ့ လယ်ယာမြေအလုံအလောက်မရှိခြင်းတို့ဟာ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးကို ဖြစ်ပွားစေတဲ့ အဓိက အကြောင်းရင်းတခုဖြစ်ပါတယ်။ လယ်ယာမြေ အရည်အသွေး၊ အကြွေးရယူနိုင်မှုနှင့် ဈေးကွက်အခွင့်အလမ်းများ နည်းပါးခြင်း၊ ပြည်သူ့ရေးရာဝန်ဆောင်မှုအားနည်းခြင်း စတာတွေလဲ ပါဝင်ပေမယ့် land inequality ကတော့ predominant feature ဖြစ်ပါတယ်။ land inequality လျှော့ချခြင်း၊ မြေယာအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊ share-cropping tenancy contracts တွေကို စနစ်တကျ စီမံဆောင်ရွက်ခြင်း စတာတွေ ရှိမှသာ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို အထောက်အကူ ဖြစ်စေနိုင်ပါတယ်။

(၃) Microfinance (အသေးစားငွေချေး) စနစ် ကျင့်သုံးခြင်း

ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးသူ အများစုဟာ စိုက်ပျိုးရေးကဏ္ဍရဲ့အလုပ်အကိုင်တွေပေါ်မှာပဲ မှီခိုနေကြရပါတယ်။ အိမ်ထောင်စုဝင်ငွေနည်းပါးပြီး၊ ဝင်ငွေရဖို့ ရိတ်သိမ်းချိန်ကို စောင့်ဆိုင်းရတာတွေရှိပါတယ်။ ဒီလိုအချိန်မှာ ဓနရှင်၊ မြေရှင်၊ကုန်သည်ပွဲစားတွေဆီက အကြွေးရယူသုံးစွဲရပြီး၊ ဝင်ငွေ ရလာ ချိန်မှာအကြွေးတွေကို ပြန်ဆပ်ရတာကြောင့် ကြွေးယူသံသရာထဲကနေရုန်းမထွက်နိုင်ပဲ ဖြစ်တတ်ပါတယ်။ ဒါကို ဓနရှင်၊ မြေရှင်တွေက အခွင့်ကောင်းယူပြီး အဆမတန် များပြားလှတဲ့ အတိုး နှုန်းတွေနဲ့ သွေးစုပ်ချယ်လှယ်ကြတာကြောင့် လယ်သမား၊ ယာသမားတွေဟာ နင်းပြားဘဝကို ကျရောက်ကြရပြန်ပါတယ်။ ဒီလို ဂုပ်သွေးစုပ်နေသူတွေလျှော့နည်းစေရေးအတွက် ကျေးလက်ဒေသမှာ Micro Finance Institutions (MFI) တွေ ပေါ်ထွက်လာဖို့လိုအပ်ပါတယ်။ အသေး စားငွေချေးစနစ်ကို လူ့အဖွဲ့အစည်းအခြေပြု အစီအစဉ်တွေနဲ့ အကောင်အထည်ဖော်ဆောင်ခြင်းအားဖြင့် target groups တွေကို ထိထိရောက်ရောက် အကူအညီပေးနိုင်ပါတယ်။

(၄) အခြေခံအဆောက်အအုံ (Infrastructure) ဖွံ့ဖြိုးတိုးတက်မှု

ကျေးလက်ဒေသရဲ့ အခြေခံစီးပွားရေးအဆောက်အအုံနဲ့ လူမှုရေးအဆောက်အအုံတွေမှာ ရင်းနှီးမြှုပ်နှံမှုပြုခြင်းဟာ ကောင်းမွန်တဲ့ အကျိုးသက်ရောက်မှုတွေကို ရေရှည်မှာဖြစ်ထွန်းလာစေနိုင်ပါတယ်။ ဒီလို အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်လာရေးမှာ အစိုးရတွေရဲ့ အခန်းကဏ္ဍက အရေးကြီးသလို၊ လူမှုရေး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်း အားကောင်းဖို့ လိုအပ်ပါတယ်။

စာတတ်မြောက်နှုန်းမြင့်မားရေး၊မူလတန်းကျောင်းများကျေးရွာအနှံ့ပေါ်ထွက်လာရေး၊အလယ်တန်းနှင့်အထက်တန်းကျောင်းများသို့ တက်ရောက်နိုင်ရန် လမ်းပန်းဆက်သွယ်ရေး ကူညီစောင့်ရှောက်မှုများ (ဥပမာ-အခမဲ့ကျောင်းကားများထားရှိရေး၊ခရီးသည်တင်ကားများအား အခမဲ့ စီးနင်းခွင့် ရရှိရေး စသည်)၊ ကျေးလက်ဒေသ ဆရာ၊ ဆရာမများအတွက် လစာနှင့် ခံစားခွင့်များတိုးမြှင့်ပေးခြင်းဖြင့် ဆရာ၊ ဆရာမများပါးမှု ပြဿနာများအား ဖြေရှင်းခြင်း၊ ကျေးလက်ဆေးပေးခန်းများ တိုးမြှင့်ဖွင့်လှစ်ရေး၊ ဒေသခံပြည်သူများအတွက် ပြည်သူ့ကျန်းမာရေး ပညာပေးလုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်ရေး၊ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်များ ရေးဆွဲချမှတ်ရာတွင်သက်ဆိုင်ရာ ဒေသခံပြည်သူများ၏ အကြံဉာဏ်များအား တောင်းယူခြင်း စတာတွေဟာ ကျေးလက်ဒေသ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကို ထောက်ကူပြုပါတယ်။

(၅) စိုက်ပျိုးရေးနည်းပညာများအား သုတေသနပြုခြင်းနှင့် ဖြန့်ဖြူးအသုံးပြုခြင်း

စိုက်ပျိုးရေးနည်းပညာ စတာမှာ အများအားဖြင့် မြေယာနှင့် ရေအရင်းအမြစ်၊ ဇီဝဓာတုနဲ့ စက်မှုဆိုတဲ့ ကဏ္ဍသုံးခု ပါဝင်ပါတယ်။ မြေယာနှင့် ရေအရင်းအမြစ်ကဏ္ဍမှာတော့ မြေဆီလွှာပျက်သုဉ်းမှု လျော့နည်းရေး၊ တသီးစားမှသည် နှစ်သီးစား၊ သုံးသီးစားနိုင်ရေး၊ စိုက်ပျိုးရေ အလုံအလောက်ရရှိရေးစတာတွေ ပါဝင်ပါတယ်။ ဇီဝဓာတု ကဏ္ဍမှာတော့ ဓာတ်မြေသြဇာအသုံးပြုခြင်း၊ သီးနှံအမျိုးအစားသစ်များပေါ်ထွက်ရေး၊ ထုတ်ကုန်များ အရည်အသွေး မြင့်မားရေး စတာတွေပါဝင်ပါတယ်။ စက်မှုကဏ္ဍမှာတော့ လက်မှုလယ်ယာကနေ စက်မှုလယ်ယာကဏ္ဍသို့ တိုးမြှင့်ရေး စတာတွေပါဝင်ပါတယ်။ နည်းပညာသစ်များကို လုပ်ငန်းရှင်များ အကူအညီနဲ့ သုတေသန ပြုပြီး တဲ့အခါ အချို့သော လုပ်ငန်းရှင်များက နည်းပညာများကို တောင်သူလယ်သမားများကို ဖြန့်ဖြူးအသုံးချစေခြင်း မရှိပဲ၊ လက်ဝါးကြီးအုပ်ထားတာတွေလဲ ရှိတတ်ပါတယ်။ ဒီလို အခြေအနေတွေဖြစ်လာတဲ့အခါ အစိုးရက ဝင်ရောက်စွက်ဖက်မှုတွေ ပြုလုပ်ဖို့ လိုအပ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# လူ့အခွင့်အရေး စိန်ခေါ်မှုတွေ မြန်မာနိုင်ငံ ရင်ဆိုင်နေရဆဲဟု ကင်တားနားသုံးသပ်

**VOA ၊ ဩဂုတ်လ ၂၅ ။** ။ မြန်မာနိုင်ငံမှာ နိုင်ငံရေးတိုးတက်မှုတချို့ကို မြင်တွေ့ရသလို သူ့ခရီးစဉ်နဲ့ပတ်သက်လို့ ကျေနပ်အားရတယ်ဆိုပေမဲ့ လူ့အခွင့်အရေး အခြေအနေတွေကတော့ စိုးရိမ်စရာအဆင့်နဲ့ အတူ ဆက်လုပ်စရာတွေရှိနေသေးတယ်လို့ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် Mr. Tomas Ojea Quintana က ပြောပါတယ်။ ဒါကြောင့် အစိုးရအနေနဲ့ သီးခြားလွတ်လပ်ပြီး အများယုံကြည်လက်ခံတဲ့ စုံစမ်းစစ်ဆေးမှုတွေကိုအမြန်ဆုံးလုပ်ဆောင်ဖို့လည်း တိုက်တွန်းသွားပါတယ်။ ၅ ရက်ကြာ ခရီးစဉ်အဖြစ် မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေတွေကိုလာရောက်စုံစမ်းခဲ့တဲ့ မစ္စတာကင်တားနားဟာ ဒီနေ့ညနေ ရန်ကုန်က မပြန်ခင်လေဆိပ်ထဲမှာ ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲအတွင်းမှာ အခုလိုမှတ်ချက်ပေး ပြောဆိုခဲ့တာလည်းဖြစ်ပါတယ်။ အပြည့်အစုံကို မသင်းသီရိက တင်ပြပေးထားပါတယ်။

ဒီနေ့ညနေ ၆ နာရီခွဲကနေ တနာရီနီးပါးကြာ မစ္စတာကင်တားနား ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲအတွင်းမှာ သူ့ရဲ့ ၅ ရက်ကြာ ခရီးစဉ်ထဲက ဆွေးနွေးမှုအခြေအနေ တော်တော်များများကို ရှင်းလင်းပြောဆိုပြခဲ့ပါတယ်။ အထူးသဖြင့်တော့ မြန်မာနိုင်ငံမှာ တိုးတက်နေတဲ့ နိုင်ငံရေးပြောင်းလဲမှုအဆင့်တချို့ကိုတွေ့ရပေမဲ့ လူ့အခွင့်အရေးအခြေအနေတွေကတော့ စိန်ခေါ်မှုမှာ ရှိနေဆဲပဲလို့ မစ္စတာ ကင်တားနားက ပြောပါတယ်။

မြန်မာနိုင်ငံကို ရောက်ခဲ့တဲ့ ဩဂုတ်လ ၂၁ ရက်နေ့ကနေ ၃ ရက်ကြာ သူ့ရဲ့ နေပြည်တော်ခရီးစဉ်အတွင်းမှာ နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးအပါအဝင် အစိုးရအဖွဲ့က တာဝန်ရှိသူတချို့နဲ့တွေ့ဆုံ ဆွေးနွေးမှုတွေဟာ အပြုသဘောဆောင်ပြီး ကြုံဆိုခဲ့တဲ့အကြောင်း မစ္စတာကင်တားနားက ပြောသလို ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးပါတီတချို့အပြင် ထောင်တွင်းလေ့လာမှုအခြေအနေတွေ ပေါ်မှာလည်း အပိုင်းလိုက်စီ ရှင်းလင်းပြောပြခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအစီအစဉ်မှာ နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေးဟာ မဖြစ်မနေအဆင့်မှာရှိနေတယ်ဆိုတဲ့အကြောင်းနဲ့အတူ ဒါမှလည်း ဒီမိုကရေစီဘက်ကိုတကယ်ပြောင်းတယ်ဆိုတာ လက်ခံနိုင်စရာဖြစ်လိမ့်မယ်လို့လည်း သူက ပြောသွားပါတယ်။

"မြန်မာနိုင်ငံမှာ ပညာရေးနဲ့ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာတွေနဲ့ပတ်သက်ပြီး ချို့ယွင်းချက်၊ အားနည်းချက်တွေရှိနေတာမို့ ဒီကိစ္စကို အထူးတင်ပြခဲ့ပါတယ်။ တိုင်းရင်းသား လူနည်းစုတွေ နေထိုင်ရာဒေသတွေမှာရှိတဲ့ ကျောင်းတွေမှာ ဒေသခံတိုင်းရင်းသားတွေရဲ့ ဘာသာစကားနဲ့ သင်ကြားဖို့ လိုအပ်နေတာကိုလည်း တွေ့ရပါတယ်။

"ဒါ့အပြင် မြေယာပိုင်ဆိုင်မှုဆိုင်ရာ ရပိုင်ခွင့်တွေနဲ့ ပတ်သက်ပြီး ပြဿနာတွေ ကြီးကြီးမားမားရှိနေတာကိုလည်း တွေ့ရပါတယ်။ အထူးသဖြင့် အစိုးရစီမံကိန်းတွေကြောင့် စစ်တပ်က အိုးအိမ်မြေယာ သိမ်းပိုက်မှုတွေရှိနေတာတွေ တွေ့ရတာမို့ ဒီကိစ္စမျိုးတွေကို အစိုးရက သေသေချာချာ အကာအကွယ်ပေးဖို့ လိုအပ်သလိုပဲ စီးပွားရေး၊လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာအခြေခံ ရပိုင်ခွင့်တွေ အတွက်ပါ စောင့်ရှောက်ပေးဖို့လိုပါတယ်။"

အခုလို ပြောပြခဲ့တဲ့ အချက်တွေအပြင် သူ အင်းစိန်ထောင်တွင်း သွားစဉ် ကြားသိခဲ့ရတဲ့ နိုင်ငံရေး အကျဉ်းသားတချို့ရဲ့ ပြောပြချက်အရ စစ်ကြောရေးစခန်းတွေက နှိပ်စက်ညှဉ်းပန်းမှုတွေ၊ အစားအစာ မစားနိုင်းတာတွေ၊ မအိပ်ခိုင်းတာတွေအပြင် ခန္ဓာကိုယ် မီးရှို့တဲ့အကြောင်းတွေကို သူသိခဲ့ရသလို အကျဉ်းသားတွေကို စစ်တပ်အတွက် ပေါ်တာအသုံးပြုမှုတွေကလည်း ရှိနေဆဲဖြစ်တယ်လို့ ပြောပါတယ်။

တခါ နိုင်ငံရေးအကျဉ်းသားတချို့ဟာ မိသားစုနဲ့ ဝေးလံတဲ့ နယ်ထောင်တွေကို ရွှေ့ပြောင်းခံရတာမို့ မိသားစုဝင်တွေဟာ ပုံမှန်အစားအစာနဲ့ ဆေးဝါး မပို့နိုင်တဲ့ အကြောင်းအရာတွေဟာလည်း စိုးရိမ်စရာအဆင့်မှာရှိတယ်လို့ ပြောပါတယ်။ ဒီလို အခြေအနေတွေအပြင်တိုင်းရင်းသားဒေသအတွင်းမှာ ကြုံနေရတဲ့ လူ့အခွင့်အရေး အခြေအနေတွေဟာလည်း မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးမှတ်တမ်းကို မီးမောင်းထိုးပြနေသလို ဖြစ်တယ်လို့ မစ္စတာကင်တားနားက ဆိုပါတယ်။

ဒီနေ့ညနေပိုင်း မစ္စတာကင်တားနား ရန်ကုန်လေဆိပ်မှာ ပြုလုပ်ခဲ့တဲ့ သတင်းစာ ရှင်းလင်းပွဲထဲက အဓိကအချက်တချို့ကတော့ သူ့အနေနဲ့ နိုင်ငံရေးအကျဉ်းသား လွှတ်ပေးဖို့ အစိုးရခေါင်းဆောင် တွေဆီမှာ တောင်းဆိုခဲ့သလို ဖမ်းဆီးနှိပ်စက်ခံရမှုတွေ၊ အဓမ္မလုပ်အားပေးစေခိုင်းမှုတွေ အကြောင်းကိုလည်း ပြည့်ပြည့်စုံစုံထည့်သွင်း ပြောဆိုသွားပြီး တိုင်းရင်းသားဒေသက ပဋိပက္ခဖြစ်ပွားမှုတွေနဲ့အတူ အရပ်သားတွေအပေါ်မှာ သတ်ဖြတ်မှုတွေရှိနေတယ်ဆိုတဲ့ အကြောင်းကိုလည်း သူ ပြောသွားပါတယ်။

တခါ မြန်မာနိုင်ငံသားတွေဟာ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာအခွင့်အလမ်းတွေမှာ အခက်အခဲရှိနေသလိုတရားစီရင်ရေးပိုင်းဆိုင်ရာမှာလည်း ဘက်မလိုက်ဘဲ တရားစီရင်မှုရှိတဲ့ အချက်အလက်တွေလိုသေးတယ်လို့လည်း ထောက်ပြသွားပါတယ်။ ဒါကြောင့် အစိုးရအနေ နဲ့ သီးခြားလွတ်လပ်ပြီး အများလက်ခံယုံကြည်တဲ့ လူ့အခွင့်အရေး စုံစမ်းစစ်ဆေးမှုတွေကို အချိန်မဆွဲဘဲ အမြန်ဆုံးလုပ်ဆောင် ဖို့ကိုလည်း မစ္စတာကင်တားနားက တိုက်တွန်းထားပါတယ်။

# ပုဂ္ဂလိကကျောင်းဖွင့်ရေးမူကြမ်း တင်

**RFA ၊ ဩဂုတ်လ ၂၃ ။** ။ ဒီကနေ့ နေပြည်တော်မှာကျင်းပတဲ့ အမျိုးသားလွှတ်တော်မှာ ပုဂ္ဂလိကပညာသင်ကျောင်းဖွင့်လှစ်ခွင့် မူကြမ်းကို ပညာရေးဝန်ကြီးက တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

၂၀၁၁ ခုနှစ် ဩဂုတ်လ ၂၂ ရက် နေ့တွင် ကျင်းပသည့်ပထမအကြိမ်အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးပထမနေ့တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဦးခင်အောင်မြင့် သဘာပတိအမှာ စကားပြောကြားသည့် မြင်ကွင်းဖြစ်ပါသည်။

အဲဒီမူကြမ်းကို၊ ပညာရေး အရည်အသွေး မြင့်မားရေးအတွက် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ အခြေခံပညာသင်ရိုးညွှန်းတန်းနဲ့ ဘာသာရပ်တွေအတိုင်းဖြစ်စေ၊ အဲဒီ ဘာသာရပ်တွေအတွက် သင်ခန်းစာတွေကို ထပ်ဆောင်းသင်ကြားပေးတဲ့ ပုဂ္ဂလိက တည်ထောင်

**စာမျက်နှာ ၁၉ သို့**

# ရှမ်းပြည်တပ်မတော် စစ်တပ်စခန်းနှင့် ကျေးရွာငယ်များကို နအဖစစ်တပ်က မီးရှို့

**VOA । ဩဂုတ်လ ၂၄ ။** ။ မြန်မာအစိုးရကနေ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကို တွေ့ဆုံဆွေးနွေးဖို့ ကမ်းလှမ်းနေချိန်မှာ ရှမ်းပြည်နယ်တောင်ပိုင်း ကျေးသီးမြို့နယ်က ရွာတွေကို ရှမ်းသူပုန်တွေနဲ့ဆက်သွယ်တယ်ဆိုပြီး မြန်မာစစ်တပ်က မီးရှို့ခဲ့တယ်လို့ဒေသခံတွေကပြောပါတယ်။ ဒါ့အပြင် ရှမ်းပြည်တိုးတက်ရေးပါတီရဲ့ ဝမ်းဖွီးဆည်လုံခြုံရေးစခန်းတွေကိုလည်း မီးရှို့ခံခဲ့ရတယ်လို့ ရှမ်းပြည်တိုးတက်ရေးပါတီအရာရှိတွေက ပြောပါတယ်။ ရှမ်းပြည်နယ်ဘက်မှာ စစ်တပ်အင်အားတွေ ထပ်မံဖြည့်တင်းလာခဲ့တဲ့အတွက် မြန်မာအစိုးရရဲ့ ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို ရှမ်းပြည်တိုးတက်ရေးပါတီက သံသယတွေလည်း ရှိနေတာ ဖြစ်ပါတယ်။ အပြည့်အစုံကို ဗွီအိုအေ ထိုင်းအခြေစိုက် သတင်းထောက် နိုင်ကွန်း အိန်က တင်ပြပေးထားပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်းကျေးသီးမြို့နယ်ထဲက နာ့တင်းရွာငယ်ကို နောင်ချိုမြို့အခြေစိုက် ခမရ ၁၁၄ မြန်မာစစ်တပ်ကနေ ဩဂုတ် ၂၃ ရက် မနက်က မီးရှို့လိုက်တယ်လို့ ကျေးသီးမြို့ခံတဦးက ပြောပါတယ်။ နာ့တင်းရွာအနီးမှာ ရှမ်းပြည်တိုးတက်ရေးပါတီ တပ်တွေနဲ့တိုက်ပွဲဖြစ်ပွားတုန်းက မြန်မာစစ်တပ်ဘက်ကနေ ထိခိုက်မှုများပြားခဲ့လို့ အခုလိုမီးရှို့လိုက်တာလို့ ကျေးသီးဒေသခံတဦးက ပြောပါတယ်။

"အဲဒီရွာက အများအားဖြင့် သူတို့က စွပ်ပူစေတီတော်နဲ့ ဘုန်းကြီးကျောင်း ဝေယျာဝစ္စအမိကလုပ်တယ်။ အိမ် ၆ လုံးပဲရှိတယ်။ သူတို့ဝမ်းရေးအတွက်တော့ လယ်ယာလုပ်ငန်း လုပ်ကိုင်တယ်။ တိုက်ပွဲမှာ မြန်မာအစိုးရ သူတို့ရဲ့စစ်ကြောင်းမှူး ဒု-တပ်ရင်းမှူးကျဆုံးတဲ့ကိစ္စနဲ့ပတ်သက်ပြီး သူတို့မကျေနပ်လို့ ရွာကိုလာပြီး မီးရှို့တယ်။ အဲဒီရှို့တဲ့အချိန်မှာ ရှမ်းသူပုန်တွေကို ထောက်ပံ့ဦးဟဲ့၊ သတင်းပေးဦးဟဲ့၊ အော်ပြောရင်းနဲ့ တဲတွေပါ အကုန်လုံးမကျန်ရှို့တယ်။"

ဒါ့အပြင် ရှမ်းပြည်တိုးတက်ရေးပါတီရဲ့ ဝမ်းဖွီးဆည် လုံခြုံရေးစခန်းတွေကို မြန်မာစစ်တပ်ကနေ မနေ့က မီးရှို့လိုက်တယ်လို့ ရှမ်းပြည်တိုးတက်ရေးပါတီ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးစိုင်းလက ပြောပါတယ်။

"မနေ့က သူတို့ ဝမ်းဖွီးဆည်နားမှာ ဆည်လုံခြုံရေးယူထားတဲ့ ကျနော်တို့ ယာယီစခန်းရှိတာပေါ့။ ကျနော်တို့စခန်းလည်း မီးရှို့တယ်။ နောက်အဲဒီနားက ရွာလည်း မီးရှို့လိုက်တယ်။ စခန်းမှာ ကျနော်တို့ တိုက်ပွဲဖြစ်ပြီးတဲ့ နောက်ပိုင်း မနေတော့ဘူးလေ။ နေရင် သူတို့ပြန်လာတိုက်မယ်ဆိုတာ တွက်ပြီးသားပဲ။"

ဝမ်းဖွီးဆည်ဟာ ရှမ်းပြည်တိုးတက်ရေးပါတီက တည်ဆောက်ထားတာဖြစ်ပြီး ပတ်ဝန်းကျင်က လယ်ဧက ၁,၀၀၀ နီးပါးကို ရေပေးဝေနေတယ်လို့ ဗိုလ်မှူးစိုင်းလက ပြောပါတယ်။

မြန်မာအစိုးရကနေ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုတွေ နဲ့ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမယ်လို့ ပြောဆိုနေချိန်မှာ ရှမ်းပြည်နယ်အတွင်းမှာ တပ်အင်အား ထပ်မံတိုးချဲ့လာနေတဲ့အတွက် ဒီလိုအခြေအနေမျိုးမှာ ငြိမ်းချမ်းရေးကမ်းလှမ်း ချက်ဟာ သံသယ ဖြစ်စရာ အနေအထားမှာရှိနေတယ်လို့ ရှမ်းပြည်တိုးတက်ရေးပါတီ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးစိုင်းလက ပြောပါတယ်။

"တပ်မ ၅၅ လက်အောက်ခံတပ်တွေ ဖြည့်လာတဲ့ အင်အား ၅၀၀ လောက်ရှိတယ်ခင်ဗျ။ ပြီးတော့ ကျနော်တို့ ဌာနချုပ် တဝိုက်မှာ တပ်စွဲနေတဲ့ တပ်တွေလည်း မရုပ်သေးတဲ့အပြင် တပ်အင်အား ပြန်လာဖြည့်တော့ ကျနော်တို့လည်း ဘယ်လိုမှငြိမ်းချမ်းရေးအတွက် ကမ်းလှမ်းလို့လည်းမဖြစ်ဘူးလေ။ ပြည်နယ်အစိုးရဆီ ငြိမ်းချမ်းရေးအတွက် ကမ်းလှမ်းဖို့လေ။ အဲဒီမှာ သူတို့က ရေးထား အော်ထားတယ်ဟုတ်။ သဘောရိုးနဲ့လုပ်မယ်ဆိုရင် သူတို့တပ်တွေ အရင်ရုပ်ရမှာပေါ့။ အခုတော့ တပ်တွေ တအားပြန်ဖြည့်တယ်ဆိုတော့ လှည့်စားတဲ့ သဘောမျိုးလို့ ကျနော်တို့ ယူဆရတာပဲ။"

ဝမ့်ဟိုင်းဒေသဘက်ကို ထပ်မံရောက်ရှိလာတဲ့ တပ်တွေဟာ နန့်ကိုင်ဖိတ်စခန်းနဲ့ ကျေးသီး၊ မိုင်းနောင်ဘက်မှာ တပ်စွဲထားတယ်လို့ ဗိုလ်မှူးစိုင်းလက ပြောပါတယ်။

နယ်ခြားစောင့်တပ်အသွင် ပြောင်းလဲရေးကို ငြင်းပယ်ခဲ့တဲ့ရှမ်းပြည်တိုးတက်ရေးပါတီအပေါ်မှာ မြန်မာစစ်တပ်ကနေ ၂၀၁၀ ခုနှစ် မတ်လမှာ စတင်တိုက်ခိုက်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် ဇူလိုင်လမှာဝမ့်ဟိုင်း ဌာနချုပ်ကိုသိမ်းဖို့အတွက် တပ်အင်အားအလုံး အရင်းနဲ့ ထိုးစစ်ဆင်ရာကနေ ဩဂုတ်လဆန်းမှာ တပ်အင်အားတဝက်ကျော်ကျော်ရုပ်သိမ်းသွားခဲ့ပါတယ်။ တပ်အင်အား ရုပ်သိမ်းသွားရာကနေ အခုလို တပ်ပြန်လည်ဖြည့်တင်းလာတာဟာ စစ်ဆင်ရေးတဖန်ပြန်လည် ပြုလုပ်ဖို့ အစီအစဉ် ရှိတယ်လို့လည်း ဗိုလ်မှူးစိုင်းလက ပြောပါ တယ်။

မြန်မာစစ်တပ်တွေ တပ်အင်အား ပြန်လည်ဖြည့်တင်းလာ တဲ့အတွက် တိုက်ပွဲဖြစ်မှာစိုးရိမ်နေကြတဲ့ ဝမ့်ဟိုင်းဒေသခံ ၅၀၀ နီးပါးဟာ နေရပ်ကနေ တိမ်းရှောင်နေကြပြီလို့ ဗိုလ်မှူးစိုင်းလက ပြောပါတယ်။

---

**စာမျက်နှာ ၁၈ မှ**

ဖွင့်လှစ်တဲ့ ကျောင်းတွေကိုဆိုလိုတယ်လို့ ဖော်ပြထားကြောင်း လွှတ်တော်ကိုယ်စားလှယ်တဦးက ပြောပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ လွှတ်တော်တက်နေတဲ့ အမျိုးသားလွှတ် တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က RFA ကို အခုလိုပြောပါ တယ်။

"ပုဂ္ဂလိကကျောင်းတွေဖွင့်ခွင့်ရဖို့တင်တဲ့သူကပညာရေးဝန်ကြီး ဒေါက်တာမြအေးက တင်တာပါ။ သူက ဥပဒေမူကြမ်းကို ဖတ်ပြတယ်။ လွှတ်တော်က ဆွေးနွေးဖို့ဆွေးနွေးမယ့် သူတွေဟာ လာမယ့် ၂၉ ရက်နေ့ ထိအောင် ဆွေးနွေးမယ့်အကြောင်းအရာကို လွှတ်တော်ကို အချိန်မီတင်သွင်းပါတဲ့"

အဲဒီ ပုဂ္ဂလိက ကျောင်းတွေဟာ နိုင်ငံခြား အဖွဲ့အစည်း တခုခုက ဦးစီးတည်ထောင်သော၊ ဒါမှမဟုတ် ထို အဖွဲ့အစည်းရဲ့ အကူအညီနဲ့ တည်ထောင်သော ကျောင်းမဖြစ်စေရဆိုပြီး ဖော်ပြထားတယ်လို့ သိရပါတယ်။

နိုင်ငံသားတဦး ကျောင်းတည်ထောင်ခွင့်နဲ့ ပတ်သက်လို့လဲ တည် ထောင်သူဟာ ငွေကြေး၊ မြေနေရာ၊ စာသင်ဆောင်၊ ကျောင်းသားတွေ နေထိုင်ဖို့ အဆောင်၊ ပစ္စည်းပရိဘောဂတို့ ရင်းနှီးစိုက်ထုတ်နိုင်သူဖြစ်ဖို့လိုသလို၊ သင်ကြားမယ့် ဆရာ-ဆရာမတွေကလည်း ဆရာအဖြစ် သင်ကြားခွင့် မှတ်ပုံတင်လက်မှတ်ရပြီးသူဖြစ်ရမယ်လို့ ဖော်ပြထားပါတယ်။ ဒီမူကြမ်း အတည်ဖြစ်နိုင်ဖို့အတွက် လွှတ်တော်မှာ လာမယ့်ရက်တွေ အတွင်း ဆွေးနွေးကြမယ်လို့ သိရပါတယ်။

## ဒေါ်စုနှင့် တွေ့ဆုံမှု ဘန်ကီးမွန်း ကြိုဆို

**VOA ၊ ဩဂုတ်လ ၂၂ ။ ။** ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့သမ္မတဦးသိန်းစိန်တို့ ပထမဆုံးအကြိမ် လူချင်းတွေ့ဆုံပြီးတိုင်းပြည်အနာဂတ်ရေးအတွက် ဆွေးနွေးခဲ့ကြတဲ့အပေါ်ကျေနပ်အားရမိတယ်လို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Ban Ki-moon က ပြောကြားလိုက်ပါတယ်။

သောကြာနေ့က မြန်မာအစိုးရသမ္မတနဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်တို့ တွေ့ဆုံခဲ့ကြတာဟာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ရေရှည်အထောက်အကူ ပြုစေမယ့် ခြေလှမ်းမျိုးကို အစပျိုးနိုင်လိမ့်မယ်လို့မျှော်လင့်ကြောင်း တနင်္လာနေ့က ထုတ်ပြန်တဲ့ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းရဲ့ ကြေညာချက်ထဲမှာ ဖော်ပြထားပါတယ်။

အခုတွေ့ဆုံမှုနဲ့ မကြာခင်ကာလအတွင်း တိုင်းပြည်အတွင်း ဖြစ်ပေါ်လာနေတဲ့ ပြောင်းလဲမှုတွေက မြန်မာနိုင်ငံအတွင်း စစ်မှန်တဲ့ ပြောင်းလဲမှုတွေ ဖြစ်လာစေမလား ဆိုတာကတော့ နှစ်ဘက်စလုံးကဘယ်လိုလက်တွဲလုပ်ကြမယ်ဆိုတာကို ဆုံးဖြတ်တဲ့ အပေါ်မှာ မူတည်မယ်လို့ဆိုပါတယ်။

တိုင်းပြည်အတွင်း ရေရှည်တည်တန့်မယ့် ငြိမ်းချမ်းရေးနဲ့ ညီညွတ်မှုတည်ဆောက်နိုင်အောင်နှစ်ဘက်စလုံးကအခုပေါ်လာတဲ့အခွင့်အရေးကို အမိအရအသုံးပြုနိုင်ဖို့လိုတယ်လို့ အတွင်းရေးမှူးချုပ်ဘန်ကီမွန်းထုတ်ပြန်တဲ့ ကြေညာချက်ထဲမှာ ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံအတွင်း အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအစီအစဉ်တွေမှာ အထောက်ကူပြုစေမှာဖြစ်တဲ့အတွက် ဖမ်းဆီးခံထားရတဲ့ နိုင်ငံရေးအကျဉ်းသားတွေ အားလုံးလွှတ်ပေးရေးကိုလည်း မစ္စတာဘန်ကီမွန်းက ထပ်လောင်းတောင်းဆိုလိုက်ပါတယ်။

## ကမ္ဘာ့ဩဇာအရှိဆုံးမှာ ဒေါ်စုပါဝင်

**VOA ၊ ဩဂုတ်လ ၂၄ ။ ။** ကမ္ဘာပေါ်မှာ ဩဇာအကြီးမားဆုံးအမျိုး သမီး ၁၀၀ စာရင်းထဲမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ထည့်သွင်းသတ်မှတ်လိုက်ပါတယ်။ အမေရိကန်နိုင်ငံမှာထုတ်ဝေတဲ့ နာမည်ကျော် Forbes မဂ္ဂဇင်းကြီးက နှစ်စဉ်ထုတ်ပြန်တဲ့ စာရင်းထဲမှာ အခုလိုဖော်ပြထားတာပါ။

လွန်ခဲ့တဲ့ ၂၁ နှစ်အတွင်း ၁၅ နှစ်က နေအိမ်အကျယ်ချုပ်ချခံထားခဲ့ရပြီးတော့ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလကမှ ပြန်လည်လွတ်မြောက်လာတဲ့ ဒေါ်အောင်ဆန်းစုကြည်အတွက် ၂၀၁၁ ခုနှစ်ဟာ အရေးပါတဲ့ နှစ်တနှစ်ဖြစ်တယ်လို့ Forbes မဂ္ဂဇင်းရဲ့ အင်တာနက်စာမျက်နှာမှာ ရေးထားပါတယ်။

အရေးပါတဲ့ ဖြစ်ရပ်တခုအဖြစ် ဖော်ပြပြောဆိုတဲ့ မြန်မာအစိုးရသမ္မတဦးသိန်းစိန်နဲ့ မကြာသေးခင်က ပထမဆုံးအကြိမ်တွေ့ဆုံခဲ့တာကိုလည်း Forbes မဂ္ဂဇင်းက အထူးဖော်ပြထားပါတယ်။

ဖခင်ဖြစ်သူက လွတ်လပ်ရေးတိုက်ပွဲ ခေါင်းဆောင်၊ မိခင်ဖြစ်သူက အိန္ဒိယနဲ့နီပေါလ်နိုင်ငံမှာ သံအမတ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သူတွေဖြစ်ကြပြီး ဒေါ်အောင်ဆန်းစုကြည်က ၁၉၈၈ ခုနှစ်မှာအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုထူထောင်ပြီး ငြိမ်းချမ်းစွာတိုက်ပွဲဝင်ခဲ့ကြောင်း၊ အကျဉ်းချခံခဲ့ရပေမဲ့ ပါတီရဲ့အတွင်းရေးမှူးချုပ်အဖြစ်တောက်လျှောက်တာဝန်ထမ်းဆောင်ခဲ့ပြီးတော့ ၁၉၉၁ ခုနှစ်မှာ နိုဘဲလ်ငြိမ်းချမ်းရေးဆုချီးမြှင့်ခံခဲ့ရသူဖြစ်တယ်လို့ Forbes မဂ္ဂဇင်းက ရေးသားထားပါတယ်။

ကမ္ဘာ့ဩဇာအကြီးဆုံး အမျိုးသမီး ၁၀၀ စာရင်းမှာ နံပါတ် ၁ က ဂျာမန်ဝန်ကြီးချုပ် Angela Merkel ၊ နံပါတ် ၂ က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hillary Clinton နဲ့ နံပါတ် ၃ မှာ ဘရာဇီးလ်သမ္မတ Dilma Roussef တို့ကိုအသီးသီးဖော်ပြပြီး ဒေါ်အောင်ဆန်းစုကြည်ကိုတော့ Forbes မဂ္ဂဇင်းက နံပါတ် ၂၆ မှာ ဖော်ပြထားပါတယ်။


Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**